မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်	၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်၊ စနေနေ့	အတွဲ (၆၃)၊ အမှတ်(၀၇၇)

သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် လေယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော်(လေ)ဖွဲ့စည်းတည်ထောင်မှု (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် လေယာဉ်များတပ်တော်ဝင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေတပ်စခန်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊

စာမျက်နှာ ၃ ကော်လံ ၁ ◆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင်သည့် Su-30 SME တိုက်လေယာဉ် တစ်စင်းပေါ်သို့ တက်ရောက်ကြည့်ရှုလေ့လာစဉ်။

မြန်မာပြည်သူလူထု၏ စိုးရိမ်မှု

ယနေ့မြန်မာနိုင်ငံ၏ ပကတိအခြေအနေသည် နိုင်ငံတစ်ဝန်းလုံး အေးချမ်းသာယာနေသည်မဟုတ်။ နိုင်ငံ၏ အစိတ်အပိုင်းအချို့တွင် ပဋိပက္ခများရှိနေသည်။ မတည်မငြိမ်ဖြစ်နေသည်။ မတည်ငြိမ် မအေးချမ်းသည့် ဒေသများတွင် နေထိုင်ကြရသည့် ဒေသခံပြည်သူများမှာ မိမိတို့၏ အသက်ခန္ဓာနှင့် စနဥစ္စာတို့အတွက် စိုးရိမ်ကြောင့်ကြနေရသည်။ ထိတ်လန့်ကြောက်ရွံ့နေကြရသည်။

ဒေသတစ်ခုတွင် ပစ်ခတ်တိုက်ခိုက်မှုများ၊ ရင်ဆိုင်တိုက်ပွဲများဖြစ်ပေါ်လာလျှင် ဒေသခံပြည်သူတို့သားဆွဲ၊ သမီးဆွဲ၊ အထုပ်ကိုယ်စီဆွဲ၍ ဘေးလွတ်ရာစီ ရှောင်ကြ၊ ပြေးကြရသည်။ ယာယီခိုလှုံရာနေရာများသို့ရောက်၍ အသက်ဘေးမှလွတ်ခဲ့ရသော်ငြား နေ့စဉ် စားသောက်နေထိုင်ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သားသမီးတို့ပညာရေး၊ ဒေသတွင် ကျန်ရစ်ခဲ့သည့် အိမ်ရာ ကျွဲ နွား စီးပွားရေးတို့အတွက် ရတက်မအေးဖြစ်ကြရပြန်သည်။ စတင်ဖြစ်ပွားခဲ့စဉ်က နှစ်အနည်းငယ်အတွင်း ပြီးဆုံးသွားလိမ့်မည်ဟု ယူဆခဲ့ကြသည့် မိမိတို့နိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများမှာ နှစ်ပေါင်း ၇၀ ကျော်၍ ၈၀ တွင်းသို့ ရောက်ရှိလာခဲ့သည့်တိုင် ပြီးဆုံးဖွယ်မမြင်နိုင်သေး။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို အကြောင်းပြု၍ ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအပြောင်းအလဲတွင် တရားဥပဒေနည်းလမ်းတကျ ဖြေရှင်းရမည့်အစား လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်၍ အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းကို မိုက်မဲစွာလျှောက်ကြသောအခါ မိမိတို့နိုင်ငံမှာ နောက်ထပ်နွံဗွက်အိုင်တစ်ခုအတွင်း ထပ်မံကျရောက်သွားရပြန်သည်။ ယင်းအတွက် မြန်မာပြည်သူလူထုတစ်ရပ်လုံး၏ စိုးရိမ်ပူပန်မှုမှာ လက်နက်ကိုင်ပဋိပက္ခများ အဆုံးမသတ်နိုင်မှာကိုဖြစ်သည်။ ငြိမ်းချမ်းရေးမရတော့မှာကို ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ မိမိတို့ဘိုးဘွားများလက်ထက်က စလာခဲ့သော လက်နက်ကိုင်တိုက်ခိုက်မှုများ မိမိတို့ မျိုးဆက်များအထိ အဆုံးမသတ်နိုင်သေးသည်သာမက အနာဂတ်မျိုးဆက်များအထိ ငြိမ်းချမ်းရေး၏ အရသာကို မခံစားကြရမှာကို မြန်မာပြည်သူလူထုတစ်ရပ်လုံး စိုးရိမ်ကြသည်။ လွန်ခဲ့သည့် သုံးနှစ်ကျော်က ငြိမ်းချမ်းရေးလိုလားသည့် လူငယ်များစုပေါင်း၍ တိုင်းရင်းသားလူမျိုးပေါင်းစုံ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နှင့် ငြိမ်းချမ်းစွာနေထိုင်ကြရေး လှုပ်ရှားမှုတစ်ခုကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခဲ့ရာ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူအားလုံးက တစ်သဘောတည်းရှိခဲ့၊ လက်ခံခဲ့ကြသည်။ မြန်မာနိုင်ငံ၏ မည်သည့်အစိတ်အပိုင်းတွင်မှ မတည်ငြိမ်၊ မအေးချမ်းမှုကို မလို။ နိုင်ငံတစ်ဝန်းအေးချမ်းသာယာပြီး အခြားကမ္ဘာ့နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများမှ နိုင်ငံသူ နိုင်ငံသားများနည်းတူ မိမိတို့၏ တစ်သက်တာကို ငြိမ်းချမ်းစွာဖြတ်သန်းလိုကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံနှင့် အလှမ်းဝေးလှစွာသော အနောက်နိုင်ငံများနှင့် အနောက်အားကိုးမီဒီယာများမှာ မြန်မာနိုင်ငံအတွင်းရှိ မြန်မာပြည်သူလူထု၏ စိုးရိမ်မှုကို ပြောင်းပြန်အမြင်ဖြင့် သဘာဝမကျစွာ မြင်လျက်ရှိသည်။ ဆူပူသောင်းကျန်းနေသည့် တိုင်းပျက်ပြည်ပျက်မျိုးတွင် မည်သည့်လူမျိုးမှ မနေချင်သကဲ့သို့ပင် မြန်မာတို့လည်း မနေချင်။ ပစ်ခတ်သတ်ဖြတ်မှုများ၊ မီးတောက်မီးလျှံများနှင့် အပျက်အစီး အနိဋ္ဌာရုံမြင်ကွင်းများကိုလည်း မမြင်ချင်။ မြန်မာနိုင်ငံတွင် စစ်မီးတောက်လောင်ရေးအတွက် အဝေးမှ သွေးထိုးလှုံ့ဆော်ကာ လေဖြင့်ပင့်ပေးနေမှုများကို ငြိမ်းချမ်းရေးလိုလားသည့် မြန်မာပြည်သူလူထုတစ်ရပ်လုံး၏ကိုယ်စား ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချလိုက်ပါကြောင်း။ ။

တိုင်းပြည်နှင့်ပြည်သူအတွက် မှန်ကန်မျှတသည့်ရွေးကောက်ပွဲများဖြစ်စေရေး ဥပဒေနှင့်အညီကြိုးစားဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၅

တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်မည့် ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြို စွမ်းရည်မြင့်သင်တန်းအမှတ်စဉ် (၄/၂၀၂၃) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက သင်တန်းသူ သင်တန်းသားများ အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ရုံးလုပ်ငန်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သင်တန်းမှ ပို့ချခဲ့ပြီးဖြစ်သည့်အတွက် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းများကို သိရှိပြီးကြမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ကျရာနေရာသို့ ရောက်ရှိပါက ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကျေကျေပွန်ပွန် ဆောင်ရွက်ကြရန်နှင့် မသိရှိသည်များကို အတွေ့အကြုံရှိသူများထံ မေးမြန်းသင်ယူကြရန်လိုကြောင်း။

ရွေးကောက်ပွဲများသည် နိုင်ငံအတွက် အရေးပါသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် မိမိတို့ဆောင်ရွက်ရသည့် လုပ်ငန်းအပေါ်၌ ဂုဏ်ယူတတ်ရန်နှင့် အခက်အခဲများ ကြုံတွေ့ပါက နိုင်ငံတော်နှင့် ပြည်သူအတွက် အောင်မြင်အောင် ကြိုးစားဆောင်ရွက်မည်ဆိုသည့် စိတ်ဓာတ်နှင့် ဖွဲ့လုံ့လရှိရန်လိုကြောင်း၊ တာဝန်ရှိသူများကလည်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲ မရှိစေရန် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် တိုင်းပြည်နှင့်ပြည်သူလူထုအတွက် မှန်ကန်မျှတသည့် ရွေးကောက်ပွဲများ ဖြစ်စေရေး ဥပဒေနှင့်အညီ ကြိုးစားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူ ၂၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဆီသယ်ယာဉ်များအတွက် လူကိုယ်တိုင် မျှောထုတ်ယူရသည့်စနစ်မှ Online ဖြင့် မျှောထုတ်ယူနိုင်သည့်အဆင့်သို့ အသုံးပြုသွားနိုင်ရေးဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၅

စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီလဝါဆိပ်ကမ်းရှိ စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း ဆောင်ရွက်နေသော စက်သုံးဆီသိုလှောင်စခန်းများသို့ ရောက်ရှိကာ ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများဖြင့် စက်သုံးဆီတင်သွင်းရောက်ရှိနေမှု အခြေအနေများ၊ စက်သုံးဆီသိုလှောင်ကန်များသို့ စက်သုံးဆီလက်ခံချယူနေမှု အခြေအနေများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဆီသယ်ယာဉ်များဖြင့် စက်သုံးဆီဖြန့်ဖြူးပေးပို့ရန် မျှောစနစ်ဖြင့် ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ရှိ စက်သုံးဆီအရောင်းဆိုင်များ၏ အများပြည်သူသို့ စက်သုံးဆီဖြန့်ဖြူးရောင်းချပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး



စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ဆောင်ရွက်နေကြသည့် ကုမ္ပဏီများအနေဖြင့် သိုလှောင်စခန်း၊ ဆိပ်ကမ်းနှင့် ဆိပ်ခံတံတားများ၏ လုံခြုံရေးကို အထူးဂရုပြု ဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် SOP (Standard Operating Procedure) များကို လိုက်နာ ဆောင်ရွက်ကြရန်၊ ဆီတင်/ဆီချ ဆောင်ရွက်ရာတွင် စက်သုံးဆီများ ယိုဖိတ်မှုမရှိစေရေးနှင့် စက်သုံးဆီများအား အရည်အသွေးပြည့်မီစွာ ထိန်းသိမ်းဖြန့်ဖြူးပေးနိုင်ရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ကြရန်၊ ဆီသယ်ယာဉ်များအတွက် လူကိုယ်တိုင် မျှောထုတ်ယူရသည့်စနစ်မှ Online ဖြင့် မျှောထုတ်ယူနိုင်သည့် အဆင့်သို့ အသုံးပြုသွားနိုင်ရေးနှင့် Software စနစ် တပ်ဆင်အသုံးပြု၍ စက်သုံးဆီဝယ်ယူသုံးစွဲမှု အခြေအနေကို ကြီးကြပ် စောင့်ကြည့်နိုင်ရေး အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် စက်သုံးဆီ အရောင်းဆိုင်များအနေဖြင့်လည်း အများပြည်သူသို့ ဝန်ဆောင်မှု ကောင်းမွန်စွာဖြင့် အရည်အသွေးနှင့် အချိန်အတွယ် ပြည့်မီစွာ ဖြန့်ဖြူးရောင်းချပေးနိုင်ရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော် (လေ)ဖွဲ့စည်းတည်ထောင်မှု (၇၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် လေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

◆ *ရှေ့ဖုံးမှ*

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ တပ်မတော်(လေ) မှ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် ယခင်က တပ်မတော်ပိုင်လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို (၁၃) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ယခု (၁၄) ကြိမ်မြောက် တပ်တော်ဝင်အခမ်းအနားတွင် စတုတ္ထမျိုးဆက်လွန် လေကြောင်းအရေးသာမှု လေယာဉ်အမျိုးအစားဖြစ်သည့် Su-30 SME တိုက်လေယာဉ် နှစ်စင်းကို တပ်တော်ဝင်ပြီး တပ်မတော်(လေ)သို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လေယာဉ်များ ဖြည့်ဆည်းပေးနိုင်သည့်အတွက် တပ်မတော်(လေ)ရှိ အရာရှိ/ စစ်သည်အားလုံး၏ စိတ်ဓာတ်အင်အားကို မြှင့်တင်ပေးရာရောက်သကဲ့သို့ တပ်မတော်အတွက် တိုက်စွမ်းအား၊ တိုက်စွမ်းရည် တိုးတက်မြင့်မားအောင် အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

အမြဲလေ့ကျင့်နေရမည်

ယနေ့မျက်မှောက်ခေတ်၏ ခေတ်သစ်စစ်ပွဲများကို လေ့လာကြည့်မည်ဆိုပါက လေကြောင်းနှင့် အာကာသစွမ်းအားသည် စစ်ပွဲအောင်နိုင်ရေးအတွက် များစွာအရေးပါသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လေကြောင်းစွမ်းအားသာလွန်မှုကို အားပြုပြီး ရန်သူအပေါ် လွှမ်းမိုးချုပ်ကိုင်နိုင်ကာ မိမိတပ်များ၏ စိတ်ဓာတ်နှင့်တိုက်စွမ်းရည် ပိုမိုဖြစ်ပေါ်လာစေရန် အတွက် လေကြောင်းစိုးမိုးမှု၊ လေကြောင်း အရေးသာမှုများကို အဓိကထား ဆောင်ရွက်လာကြကြောင်း၊ မြင့်မားသော လေကြောင်းစွမ်းအားကို ပိုင်ဆိုင်သည့် လေတပ်မတော်ဖြစ်လာစေရေးအတွက် တပ်မတော် (လေ)မှ အရာရှိ/ စစ်သည်များအားလုံး အမြဲလေ့ကျင့် နေရမည်ပင်ဖြစ်ကြောင်း။

စစ်နည်းဗျူဟာ ကျွမ်းကျင်မှု၊ လေကြောင်းအကဲသာမှုနှင့် အီလက်ထရောနစ် နည်းပညာသာလွန်မှု၊ လက်နက်ခဲယမ်းများ ခေတ်မီကောင်းမွန်မှု၊ ထိရောက်တိကျမှုတို့သည် စစ်ပွဲ၏ အနိုင်အရှုံးကို အဓိက အဆုံးအဖြတ်ပေးသည့်အတွက် တပ်မတော် (လေ)အနေဖြင့် နည်းပညာတိုးတက်လာမှုနှင့်အတူ ပြောင်းလဲကျင့်သုံးလာသည့် စစ်နည်းဗျူဟာများ နှင့် စစ်လက်နက်ပစ္စည်းများကို ခေတ်နှင့်အညီ ကျွမ်းကျင်စွာ အသုံးချနိုင်ရန် စဉ်ဆက်မပြတ်လေ့ကျင့်ရေးကို အလေးအနက်ထားလုပ်ဆောင်သွားကြရမည် ဖြစ်ကြောင်း၊ တပ်မတော်(လေ)ကို ကျစ်လျစ်ပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီလေတပ်မတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်များ တပ်တော်ဝင် အထိမ်းအမှတ် လေယာဉ်ပုံစံငယ်ကို ဂါရဝပြုပေးအပ်စဉ်။

★ **ယနေ့မျက်မှောက်ခေတ်၏ ခေတ်သစ်စစ်ပွဲများကို လေ့လာကြည့်မည်ဆိုပါက လေကြောင်းနှင့် အာကာသစွမ်းအားသည် စစ်ပွဲအောင်နိုင်ရေးအတွက် များစွာ အရေးပါသည်ကို တွေ့ရှိရမည်ဖြစ်၊ လေကြောင်းစွမ်းအားသာလွန်မှုကို အားပြုပြီး ရန်သူအပေါ် လွှမ်းမိုးချုပ်ကိုင်နိုင်ကာ မိမိတပ်များ၏ စိတ်ဓာတ်နှင့်တိုက်စွမ်းရည် ပိုမိုဖြစ်ပေါ်လာစေရန်အတွက် လေကြောင်းစိုးမိုးမှု၊ လေကြောင်းအရေးသာမှုများကို အဓိကထားဆောင်ရွက်လာ၊ မြင့်မားသောလေကြောင်းစွမ်းအားကို ပိုင်ဆိုင်သည့် လေတပ်မတော်ဖြစ်လာစေရေးအတွက် တပ်မတော်(လေ)မှ အရာရှိ/စစ်သည်များ အားလုံး အမြဲလေ့ကျင့်နေရမည်**

အဖြစ် တည်ဆောက်ရာတွင် ကျွမ်းကျင်ပြီး အရည်အချင်း/အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပေးရေးသည် အလွန်ပင်အရေးကြီးကြောင်း၊ လေယာဉ်များကို ကိုင်တွယ်ထိန်းသိမ်း မောင်းနှင်သည့် လေသူရဲများသည် လေယာဉ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်နိုင်သကဲ့သို့ လေယာဉ်တွင် တပ်ဆင်ထားသည့် စစ်လက်နက်ပစ္စည်းများကို ထိရောက်ကျွမ်းကျင်ပိုင်နိုင်စွာ ပစ်ခတ်နိုင်စေရန် အမြဲတမ်းလေ့ကျင့်နေရန်လိုကြောင်း၊ တပ်မတော် (လေ)မှ စက်မှုလက်မှု၊ လေကြောင်းထိန်း၊ ရေဒါ၊ မိုးလေဝသ စသည့်လေကြောင်းဆိုင်ရာလုပ်ငန်း နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာရှိ/စစ်သည်များ အားလုံးအနေဖြင့် မိမိတို့ ကိုင်တွယ်အသုံးပြုနေသည့် စက်ပစ္စည်းကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရန် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသော နည်းပညာများနှင့်အတူ လိုက်လျောညီထွေ ပြောင်းလဲလာသော စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများကို **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”**ဆိုသည့် လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စွမ်းစွမ်းတမံ တိုက်ပွဲဝင်နိုင်ခဲ့

တပ်မတော်(လေ)အနေဖြင့် သမိုင်းကြောင်း တစ်လျှောက် ပိုင်နက်ဝေဟင်စိုးမိုးရေးနှင့်လေကြောင်း ရန် ကာကွယ်ရေးတာဝန်များသာမက ပြည်တွင်း သောင်းကျန်းမှုနှိမ်နင်းရေး စစ်ဆင်ရေးများတွင် ခေတ်အဆက်ဆက် တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ ပြည်ပကျူးကျော်မှု၊ ပြည်တွင်းသောင်းကျန်းမှု၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကဏ္ဍများတွင် တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ ပြည်သူလူထု နှင့်အတူလက်တွဲပြီး စွမ်းစွမ်းတမံ တိုက်ပွဲဝင်နိုင်ခဲ့ ကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးဖြစ်စဉ်ကို လေ့လာကြည့်မည်ဆိုပါက ၂၀၂၀ ပြည့် နှစ် ရွေးကောက်ပွဲတွင် NLD ပါတီမှ မဲမသမာမှုများ ကျူးလွန်ခဲ့ပြီး ဥပဒေကို အလွဲသုံးစားလုပ်ကာ နိုင်ငံတော်အာဏာကို မတရားရယူရန် ကြိုးပမ်းလုပ်ဆောင်လာခြင်းကြောင့် တပ်မတော်က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို မဖြစ်မနေ ထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ တရားမဝင် NUG ၊ CRPH နှင့် PDF အမည်ခံအကြမ်းဖက်များ ကျူးလွန်ခဲ့ကြသည့် လုပ်ရပ်များသည် နိုင်ငံတကာက သတ်မှတ်ထားသည့် အကြမ်းဖက်မှုပုံစံများနှင့် ထပ်တူညီနေသည်ကိုလည်း တွေ့ရှိရကြောင်း။

လက်ဆင့်ကမ်းအမွေ ဆက်လက်ထိန်းသိမ်း

ထို့ကြောင့် နယ်မြေဒေသများတည်ငြိမ်အေးချမ်းပြီး ပြည်သူများ၏ လူနေမှုဘဝ အေးချမ်းစွာရှိနေရန်အတွက် တပ်မတော်က လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများကို တရားသောစစ်ပွဲများဆင်နွှဲလျက် ချေမှုန်းနှိမ်နင်းရာတွင် တပ်မတော်(လေ)အနေဖြင့် ကြည်း၊ ရေ၊ လက်ရုံးတပ်ဖွဲ့များနှင့် ပူးပေါင်း၍ စစ်ဆင်ရေးများတွင် လေကြောင်းစွမ်းအားကို ထိထိရောက်ရောက်အသုံးချကာ တစ်တပ်တစ်အား ပါဝင်ဆင်နွှဲနေသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရကြောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲများနှင့် အခြားတိုင်းစစ်ဌာနချုပ်နယ်မြေများ၌ ဖြစ်ပွားလျက်ရှိသည့် စစ်ဆင်ရေးများတွင် လေတပ်စစ်သည်တော်များ အနေဖြင့် တပ်မတော်(လေ) တွင် ရှိသည့် လေယာဉ်/ရဟတ်ယာဉ်များကို စွမ်းအားပြည့်အသုံးပြုပြီး တိုက်ပွဲအောင်နိုင်ရေးအတွက် စွန့်လွှတ်စွန့်စားစိတ်ဖြင့် သက်စွန့်ဆံဖျား ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြကြောင်း၊ ထိုအတွက်လည်း တိုက်ပွဲဝင်စစ်သည်များအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ ထိုသို့ မြင့်မြတ်သည့် အစဉ်အလာကောင်းများကို လေးစားတန်ဖိုးထားပြီး လက်ဆင့်ကမ်းအမွေ ဆက်လက်ထိန်းသိမ်းကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုကြောင်း။

စာမျက်နှာ ၄ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်ဖြစ်သည့် Su–30 SME တိုက်လေယာဉ်တစ်စင်း စွမ်းရည်ပြ ပျံသန်းမှုကို ကြည့်ရှုအားပေးကြစဉ်။

★ တပ်မတော်(လေ)အနေဖြင့် ခေတ်သစ်စစ်ပွဲများအတွင်း နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်တို့၏ အခန်းကဏ္ဍသည် ပဋိပက္ခများ၏ရလဒ်ကို အဆုံးအဖြတ်ပေးနိုင်သည်ဟု ခိုင်ခိုင်မာမာယုံကြည်ထားသကဲ့သို့ ယခင်အတိတ်ကာလ အတွေ့အကြုံများမှ သင်ခန်းစာရယူပြီး အနာဂတ်ကာလအတွက် အောင်မြင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းကောင်းများကို ရှာဖွေသွားရမည်ဖြစ်

★ ယနေ့ တပ်တော်ဝင်မည့် Su-30 SME တိုက်လေယာဉ်များသည် စတုတ္ထမျိုးဆက်လွန် တိုက်လေယာဉ်များဖြစ်သည့်အတွက် ယခုကဲ့သို့ တပ်တော်ဝင်နိုင်ခြင်းသည် တပ်မတော်(လေ)၏ လေကြောင်းစွမ်းအားကို တိုးမြှင့်ပေးရာရောက်သကဲ့သို့ တပ်မတော်(လေ)၏ အနာဂတ်ရည်မှန်းချက်ဖြစ်သည့် လေကြောင်းစွမ်းအားနှင့် ပတ်သက်သည့် လုပ်ငန်းတာဝန်အများစုကို ထိရောက်စွာ စွမ်းဆောင်နိုင်သော မဟာဗျူဟာမြောက် စွမ်းရည်အချို့ကို ပိုင်ဆိုင်သည့် နည်းဗျူဟာမြောက် လေတပ်အဖြစ် ကူးပြောင်းရပ်တည်နိုင်ရန် ခြေလှမ်းသစ်တစ်ရပ်ဖြစ်

စာမျက်နှာ ၃ မှ

တပ်မတော်(လေ)အနေဖြင့် ဖြတ်သန်းလာသည့် (၇၆)နှစ်တာ ကာလအတွင်း နိုင်ငံတော်ကာကွယ်ရေး တာဝန်များအပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီရှာဖွေကယ်ဆယ်ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး စသည့် ကဏ္ဍအသီးသီးတွင် ကျရာနေရာမှ ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်(လေ) အနေဖြင့် သမားရိုးကျစစ်ဆင်ရေးများ၊ သမားရိုးကျမဟုတ်သည့် စစ်ဆင်ရေးများနှင့် ပြည်သူ့အကျိုးပြုစစ်ဆင်ရေးများတွင် တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)တို့နှင့် အတူ လက်တွဲလျက် ပြည်သူလူထုအတွက် ကျရာအခန်းကဏ္ဍမှ ပေးအပ်သည့် တာဝန်များကို အားကြိုးမာန်တက် ကျေပွန်စွာ ဆက်လက်ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နည်းလမ်းကောင်းများကို ရှာဖွေ

တပ်မတော်(လေ)အနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံအသီးသီး၏ လေကြောင်းစွမ်းအားတိုးတက်တည်ဆောက်နေမှုကိုလည်း အချိန်နှင့်အမျှ လေ့လာသုံးသပ်ရင်း ထိရောက်သော လေကြောင်းစွမ်းအားနှင့် လေကြောင်းအာကာသ စွမ်းအားကို ပိုင်ဆိုင်သည့် ကျစ်လျစ်ပြီး စွမ်းရည်ထက်မြက်သော တပ်မတော်(လေ)ဖြစ်အောင် အမြဲတမ်းတွေးတောကြံဆကာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက်ရပ်ဝတ္ထုပိုင်းဆိုင်ရာသာမက စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ ကဏ္ဍနှစ်ရပ်လုံးကို အားသွန်ခွန်စိုက် တိုးမြှင့်တည်ဆောက်ရန်လိုအပ်ကြောင်း၊ တပ်မတော်(လေ)အနေဖြင့် ခေတ်သစ်စစ်ပွဲများအတွင်း နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်တို့၏ အခန်းကဏ္ဍသည် ပဋိပက္ခများ၏ ရလဒ်ကို အဆုံးအဖြတ်ပေးနိုင်သည်ဟု ခိုင်ခိုင်မာမာယုံကြည်ထားသကဲ့သို့ ယခင်အတိတ်ကာလ အတွေ့အကြုံများမှ သင်ခန်းစာရယူပြီး အနာဂတ်ကာလအတွက် အောင်မြင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းကောင်းများကို ရှာဖွေသွားရမည်ဖြစ်ကြောင်း။

ယနေ့ တပ်တော်ဝင်မည့် Su–30 SME တိုက်လေယာဉ်များသည် စတုတ္ထမျိုးဆက်လွန် တိုက်လေယာဉ်များဖြစ်သည့်အတွက် ယခုကဲ့သို့ တပ်တော်ဝင်နိုင်ခြင်းသည် တပ်မတော် (လေ) ၏ လေကြောင်းစွမ်းအားကို တိုးမြှင့်ပေးရာရောက်သကဲ့သို့ တပ်မတော်(လေ)၏ အနာဂတ်ရည်မှန်းချက်ဖြစ်သည့် လေကြောင်းစွမ်းအားနှင့် ပတ်သက်သည့် လုပ်ငန်းတာဝန်အများစုကို ထိရောက်စွာ စွမ်းဆောင်နိုင်သော မဟာဗျူဟာမြောက် စွမ်းရည်အချို့ကို ပိုင်ဆိုင်သည့် နည်းဗျူဟာမြောက် လေတပ်အဖြစ် ကူးပြောင်းရပ်တည်နိုင်ရန် ခြေလှမ်းသစ်တစ်ရပ်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

တပ်မတော်၏ဂုဏ်ကို မြှင့်တင်

တပ်မတော်(လေ)အနေဖြင့် သမိုင်းအဆက်ဆက် တိုင်းပြည်တာဝန်များကို ကျရာအခန်းကဏ္ဍမှ ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့သကဲ့သို့ ဒို့တာဝန် အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေး လုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပြီး တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်ကြရန်၊ ယနေ့တပ်တော်ဝင်ပေးလိုက်သည့် လေယာဉ်များကို စစ်သည်တော်ကျင့်ဝတ်ပါ " မိမိလက်နက်ကို ခင်မင်မြတ်နိုးပါ" ဆိုသည့်အတိုင်း စည်းကမ်းစနစ်တကျ မြတ်နိုးစွာကိုင်တွယ်ပျံသန်းပြီး တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရန်၊ တပ်တွင်းစည်းလုံးညီညွတ်ရေး၊ တပ်ပြင်စည်းရုံးရေးတို့ကို အမြဲခိုင်မာအောင် တည်ဆောက်သွားပြီး တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းများကို သားစဉ်မြေးဆက် မျိုးဆက်သစ်များက အသက်နှင့် ထပ်တူ *စာမျက်နှာ ၅ သို့*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင် Su–30 SME တိုက်လေယာဉ် နှစ်စင်းကို လှည့်လည်ကြည့်ရှုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

စာမျက်နှာ ၄ မှ

ထိန်းသိမ်းစောင့်ရှောက်ကာ ကမ္ဘာတည်သရွေ့ မြန်မာတည်စေရန် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်က လေယာဉ်များအား တပ်တော်ဝင်အဖြစ် ကြေညာသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် လေယာဉ်ပုံစံငယ်ကို ဂါရဝပြုပေးအပ်သည်။

စွမ်းရည်ပြ ပျံသန်းခြင်းများဆောင်ရွက်

ဆက်လက်၍ စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်ဖြစ်သည့် Su-30 SME တိုက်လေယာဉ် တစ်စင်းက ပျံသန်းအလေးပြုပြီး ၎င်းတိုက်လေယာဉ်၏ အဆင့်မြင့် လှုပ်ရှားစစ်ကစားမှု (High Performance Maneuver) များကို စွမ်းရည်ပြ ပျံသန်းခြင်းများ ဆောင်ရွက်သည်။

ထိုသို့စွမ်းရည်ပြသရာတွင် Tail Slide ဟုခေါ်သော ဒေါင်လိုက်ပျံတက်ပြီး အမြန်နှုန်း Zero သို့ လျှော့ချကာ အောက်သို့ ဒေါင်လိုက်ပြန်လည်လျှောကျသည့် ပျံသန်းမှုပုံစံအား သရုပ်ပြခြင်းနှင့် Multiple Roll ဟုခေါ်သည့် မိမိလေယာဉ်နောက်မှ ထက်ကြပ်မကွာ လိုက်လာသည့် လေယာဉ်ကို လှည့်စားသည့်အနေဖြင့် ဘယ် သို့မဟုတ် ညာသို့ Multiple Roll ပြုလုပ်ကာ စစ်ကစားပျံသန်းမှုပုံစံတို့ကို သရုပ်ပြပျံသန်းသည်။

ယင်းနောက် Oblique Loop ဟု ခေါ်သည့် လေယာဉ်အား ဘယ် သို့မဟုတ် ညာဘက်သို့ စောင်း၍ ဒေါင်လိုက်အပေါ်သို့ ဆွဲတင်ကာ စက်ဝိုင်းပုံစံသရုပ်ပြ ပျံသန်းခြင်း၊ အမြန်နှုန်း 100 Km/hr ခန့်နှင့်ပျံသန်းသော Slow Flight ဖြင့် အလေးပြုပျံသန်းခြင်း နှင့် Flat Spin ဟုခေါ်သည့် ရေပြင်ညီအပြားလိုက်လည်ကျသော ပျံသန်းမှုပုံစံအား သရုပ်ပြသသည်။ Flat Spin Maneuver သည် သာမန်ဂျက်တိုက်လေယာဉ်များ မပြုလုပ်နိုင်သော ပျံသန်းမှုအမျိုးအစားဖြစ်ပြီး Su-30 SME တိုက်လေယာဉ်တွင်မူ လေယာဉ်၏အင်ဂျင်ပိုင်း၊ ကိုယ်ထည်ပိုင်းနှင့် ပျံသန်းမှုထိန်းသိမ်းသည့်စနစ်များကို အဆင့်မြင့်နည်းပညာများနှင့် ပေါင်းစပ်ပြုလုပ်ထားသောကြောင့် Flat Spin Maneuver ကို ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်တစ်စင်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

သရုပ်ပြပျံသန်း

ထို့နောက် Su-30 တိုက်လေယာဉ်သည် Maximum Banking Turn ဟု ခေါ်သည့် Radius of Turn အကျဉ်းဆုံးဖြင့် ကွေ့ပျံသန်းခြင်းကို သရုပ်ပြပျံသန်းပြီး လေယာဉ်ပြေးလမ်း၏ တောင်ဘက်မှ တစ်ဆင့် ကွင်းအတွင်းသို့ ပြန်လည်ဆင်းသက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်တော်ဝင်လေယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ယင်းနောက် တပ်တော်ဝင်လေယာဉ်များအား လှည့်လည်ကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တိုက်ကြီးမြို့နယ်နှင့် သုံးခွမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

နေပြည်တော် ဒီဇင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကတိုင်စိန်ကျေးရွာ၊ သုံးခွမြို့နယ် သိုက်တူးကန် စံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက ယနေ့နံနက်ပိုင်းတွင် သတ်မှတ်နေရာအသီးသီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်မြေခံဆေးကုသရေးအဖွဲ့များက သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၄၄၅ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခြင်း၊ EGC ၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၂/ ၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား

ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ခွင့်ပြုပေးထားသည့်ဘတ်ဂျက်များကို အကျိုးရှိရှိအသုံးချနိုင်ရန်လိုအပ်

နေပြည်တော် ဒီဇင်ဘာ ၁၅

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးနှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး (၂/၂၀၂၃) တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုပေးရန်ဖြစ်ပါကြောင်း၊ အတည်ပြုပြီးပါက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်ပေးပို့တင်ပြ၍ အတည်ပြုပြဋ္ဌာန်းမည် ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

စစ်ဆေးကြပ်မတ်

ဖြည့်စွက်ခွင့်ပြုငွေများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲနိုင်မည်ဖြစ်သည့်အတွက် ဖြည့်စွက်ခွင့်ပြုငွေ သုံးစွဲနိုင်သည့် ကာလမှာ (၄)လခန့်သာ ရှိသည်ကိုလည်း သတိပြုရမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေများကို များစွာလျာထားတောင်းခံထားပြီး မသုံးစွဲနိုင်သဖြင့် ပြန်လည်အပ်နှံခြင်းများ မဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ဘတ်ဂျက် တောင်းခံသုံးစွဲမှုများနှင့်စပ်လျဉ်းပြီး အလေးထားစစ်ဆေးကြပ်မတ်ရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သီတာဦး အကြံပြုဆွေးနွေးတင်ပြစဉ်။

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦး အကြံပြုဆွေးနွေးတင်ပြစဉ်။

ထို့ပြင် နိုင်ငံခြားသုံးငွေဖြင့်သုံးစွဲရမည့် အသုံးစရိတ်များအတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရာတွင် ဘဏ္ဍာရေးနှစ်အတွင်း ထပ်မံလိုအပ်ပြီး နိုင်ငံခြားငွေဖြင့်သာ မဖြစ်မနေပေးချေရမည့် အသုံးစရိတ်များ၊ ပြည်တွင်း၌ ဝယ်ယူ၍မရနိုင်သဖြင့် ပြည်ပမှဝယ်ယူတင်သွင်းရမည့် ပစ္စည်းများအတွက် လိုအပ်သည့် အသုံးစရိတ်များကိုသာ တောင်းခံရမည် ဖြစ်ပါကြောင်း။

အလေးထားပြောကြား

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွင့်ပြုပေးထားပြီးဖြစ်သည့်အတွက် အဆိုပါရန်ပုံငွေများကို အကျိုးရှိထိရောက်စွာ အသုံးချ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ဒေသများတွင် ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို အလေးထားပြီး အားပေးမြှင့်တင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့်မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများမှ ထုတ်ကုန်တိုးတက်ရရှိရေး၊ ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးနှင့် ဝင်ငွေတိုးတက်ရရှိစေရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ပြည်ထောင်စုမှ ထောက်ပံ့ငွေဖြင့် အခွန်ဝေစုခွဲဝေပေးမှုများအပေါ် မှီခိုမနေဘဲ ဝင်ငွေရရှိနိုင်မည့် နည်းလမ်းများကိုလည်း ရှာဖွေကြိုးပမ်းဆောင်ရွက်ကြရန် အလေးထားပြောကြားလိုပါကြောင်း။

ထို့ပြင် စားရေရိက္ခာဖူလုံစေရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍသာမက ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတို့အပြင် အခြားကဏ္ဍများတွင်လည်း နိုင်ငံတော်အနေဖြင့် ဘတ်ဂျက်ကျခံ သုံးစွဲပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ခွင့်ပြုပေးထားသည့် ဘတ်ဂျက်များကို အကျိုးရှိရှိအသုံးချနိုင်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယခုအခါ နိုင်ငံတော်ဘတ်ဂျက်ကို စနစ်တကျ စိစစ်ရန်၊ သုံးစွဲရန်အတွက် “ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီ” ကို ဖွဲ့စည်းပေးခဲ့ပြီး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

အလေအလွင့်မရှိ

ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ထပ်မံခွင့်ပြုလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများကို သက်ဆိုင်ရာဒေသနှင့် ပြည်သူများ၏ လိုအပ်ချက်နှင့် ကိုက်ညီစေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် လုပ်ငန်းများအတွက် ထိရောက်စွာ သုံးစွဲကြစေလိုပါကြောင်း၊ ထို့ပြင် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများ အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီပြီးစီးစေရေးနှင့် အသုံးစရိတ်များ အလေအလွင့်မရှိစေရေး စီမံဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တင်ပြစဉ်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စိစစ်ရာတွင် သာမန်အသုံးစရိတ်အပိုင်းတွင် အဓိကအားဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်းကွာခြားချက်ကြောင့် လိုအပ်လာသည့် အသုံးစရိတ်များ၊ နိုင်ငံတော်သို့ ထပ်မံပေးဆောင်ရမည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများအတွက် တောင်းခံသည့်အတိုင်း

စာမျက်နှာ ၇ သို့

- ❖ **တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ပြည်ထောင်စုမှ ထောက်ပံ့ငွေဖြင့် အခွန်ဝေစုခွဲဝေပေးမှုများအပေါ် မှီခိုမနေဘဲ ဝင်ငွေရရှိနိုင်မည့် နည်းလမ်းများကိုလည်း ရှာဖွေကြိုးပမ်းဆောင်ရွက်ကြရန် အလေးထားပြောကြားလို**
- ❖ **စက်သုံးဆီများ ပြည်ပမှတင်သွင်းခြင်းကိုလည်း နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီက စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိ၊ အစိုးရကဏ္ဍအနေဖြင့်လည်း နိုင်ငံခြားငွေသုံးစွဲမှုများကို အထူးစိစစ်ပြီး သုံးစွဲကြရန်လိုအပ်**
- ❖ **ယခုခွင့်ပြုလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများအပါအဝင် နိုင်ငံတော်က ခွဲဝေချထားပေးသည့် အသုံးစရိတ်များကို အလေအလွင့်မရှိစေဘဲ ထိထိရောက်ရောက်နှင့် အကျိုးရှိအောင်သုံးစွဲကြရန်၊ လျာထားသည့် ရငွေလျာထားချက်များအတိုင်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေး**

စာမျက်နှာ ၆ မှ

ခွင့်ပြုခဲ့ပြီး မဖြစ်မနေပေးချေရန် ထပ်မံလိုအပ်သည့် နိုင်ငံ့ဝန်ထမ်းလစာစရိတ်၊ ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ အတိုးပေးငွေများကို စိစစ်ခွင့်ပြုခဲ့ပါကြောင်း။

မူလခွင့်ပြုငွေတွင် ပါဝင်ခြင်းမရှိသော်လည်း နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများ၏ စားဝတ်နေရေးသက်သာချောင်ချိမှုကို အထောက်အကူဖြစ်စေရန်အတွက် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစ၍ ခွင့်ပြုထားသည့် အပိုထောက်ပံ့ကြေးအသုံးစရိတ်၊ မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများအတွက် ပြန်လည်ထူထောင်ရေးအသုံးစရိတ်များနှင့် အခြားလိုအပ်သည့် အသုံးစရိတ်များ၊ ၂၀၂၄-၂၀၂၅ ခု၊ ပညာသင်နှစ်တွင် အသစ်တိုးချဲ့ဖွင့်လှစ်မည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၃၄ ကျောင်းတွင် RCC (၁)ထပ် (၃၄) ဆောင် ဆောက်လုပ်ရန်အတွက် အသုံးစရိတ်များခွင့်ပြုပေးခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုငွေအတွက် ပြည်ထောင်စုမှ ထောက်ပံ့ငွေနှင့် အခွန်ဝေစုတို့ကိုလည်း ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုထောက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု ၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘဏ္ဍာငွေများသုံးစွဲရာတွင် အမှန်တကယ် သုံးသင့်သုံးထိုက်သည်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲရန်လိုကြောင်း၊ နိုင်ငံတော်၏ ပိုလျှံရန်ပုံငွေများကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေများ သုံးစွဲရာတွင် အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကိုသာ ဆောင်ရွက်ရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အခြားလက်ခံနိုင်သည့် အခက်အခဲများကြောင့် လုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိခြင်းမှလွဲ၍ အခြား အကောင်အထည်မဖော်နိုင်သည့် လုပ်ငန်းများကို တာဝန်ရှိသူများအနေဖြင့် ပြန်လည်စိစစ်ရန်လိုကြောင်း။

အကျိုးရှိစွာသုံးစွဲကြရန် လို

အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသည့် ပိုလျှံရန်ပုံငွေများကို တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းသုံးငွေဖြင့် ဆောင်ရွက်၍ရသည့် လုပ်ငန်းများအားလုံးကို အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ ပညာရေးဖွံ့ဖြိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြောင်း၊ ဘဏ္ဍာငွေများ သုံးစွဲရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်၍ အကျိုးရှိသည့်နေရာများတွင် အသုံးချရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဥပဒေအရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များအတွင်းမှ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဘဏ္ဍာငွေများ သုံးစွဲရာတွင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာဖြင့် သုံးစွဲကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် မိမိတို့လျာထားသည့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကြရာ၌ တိုင်းပြည်အကျိုးကို ရှေးရှုပြီး ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့်အညီ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဦးတည်ပြီး အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများတွင် ခေတ်မီနည်းစနစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး လုပ်ငန်းများကို ရေရှည်အာမခံချက်ရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ကြစေလိုပါကြောင်း။

စားသုံးဆီများ တင်သွင်းနေရသည့်အတွက် နိုင်ငံခြားငွေသုံးစွဲရမှုများ ရှိနေခြင်းကြောင့် ပြည်တွင်းစားသုံးဆီဖူလုံအောင် ထုတ်လုပ်မှုတိုးတက်လာစေရန်နှင့် နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေး ဦးတည်ချက် အမှတ်စဉ် (၈) အဖြစ် **"ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း** ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး" ဟု ချမှတ်ဆောင်ရွက်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အလားတူ စက်သုံးဆီများ ပြည်ပမှတင်သွင်းခြင်းကိုလည်း နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီက စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရကဏ္ဍအနေဖြင့်လည်း နိုင်ငံခြားငွေသုံးစွဲမှုများကို အထူးစိစစ်ပြီး သုံးစွဲကြရန် လိုအပ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ကိုဗစ်-၁၉ ကပ်ရောဂါဘေး၊ ဆိုင်ကလုန်းမုန်တိုင်း မိုခါဘေး စသည့် သဘာဝဘေးများကြောင့် ထိခိုက်ခဲ့ရသည့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ကြရကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး အခြေအနေ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျရာကဏ္ဍမှ ဝိုင်းဝန်းပံ့ပိုးကြိုးပမ်းဆောင်ရွက်ပေးကြရန် အလေးထားမှာကြားလိုကြောင်း။

ယခုခွင့်ပြုလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများအပါအဝင် နိုင်ငံတော်က ခွဲဝေချထားပေးသည့် အသုံးစရိတ်များကို အလေအလွင့်မရှိစေဘဲ ထိထိရောက်ရောက်နှင့် အကျိုးရှိအောင်သုံးစွဲကြရန်၊ လျာထားသည့် ရငွေလျာထားချက်များအတိုင်း ရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်၌ အရအသုံးလျာထားချက်များနှင့် အနီးစပ်ဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် မိမိတို့၏ စီမံကိန်းလုပ်ငန်းများကို သတ်မှတ်အချိန်မီ ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

(၇၆)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် အန္တရာယ်ကင်းပရိတ်တရားနာယူ၊ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၁၅

(၇၆)နှစ်မြောက်တပ်မတော်(လေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လေတပ်စခန်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျာပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မင်္ဂလာဇေယျာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး **(အပေါ်ပုံ)** သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များအား နာယူကြသည်။

ထို့နောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မင်္ဂလာဇေယျာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကျောဖုံးမှ

ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာနန္ဒအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့သည် မန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီးထံသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် လားရှိုးမြို့တွင် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်သည့်အဝတ်အထည်များ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့က ပေးအပ်ရာ ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများကိုယ်စား တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့သည် သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်သည့် အဝတ်အထည်များ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများကိုယ်စား တာဝန်ရှိသူကို ပေးအပ်စဉ်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၁၂-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	မြစ်ကြီးနား	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၃၂၇	၂၄၀၇
95 Ron	၂၄၂၄	၂၅၀၆
HSD (500 ppm)	၂၀၇၈	၂၁၄၉
HSD (50 ppm)	၂၁၂၉	၂၂၀၁
HSD (10 ppm)	၂၁၃၃	၂၂၀၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

နယ်စပ်ဒေသများ၌ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၅

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့်စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၂၉၀၊ အမျိုးသမီး ၇၁ ဦး စုစုပေါင်း ၃၆၁ ဦး ကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၁၀၆၈၅ ဦး၊ အမျိုးသမီး ၁၃၆၃ ဦး စုစုပေါင်း ၁၂၀၄၈ ဦး ဖော်ထုတ်ရရှိခဲ့၍ ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင်ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၅

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။

ကြည့်ရှုအားပေး

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ဒေါက်တာမှူထန်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားအဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော် ဘောလုံးပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အကောင်းဆုံးရှေ့တန်းကစားသမားဆု၊ အကောင်းဆုံး အလယ်တန်း ကစားသမားဆု၊ အကောင်းဆုံး နောက်တန်းကစားသမားဆု၊ အကောင်းဆုံး ဂိုးသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိကြသူများကို တစ်ဦးချင်းအကောင်းဆုံး ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှူထန်က ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား အမျိုးသားတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား အမျိုးသားတံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

ပါဝင်ယှဉ်ပြိုင်

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော်ကို ဒီဇင်ဘာ ၄ ရက်မှ ၁၅ ရက်အထိ အားကစားနည်းများအလိုက် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ လေ့ကျင့်ရေးဘောလုံးကွင်းများနှင့် အားကစားရုံများ၌ ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အဖွဲ့ခေါင်းဆောင်များ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ စုစုပေါင်း ၁၈၅၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပန်းတနော်မြို့ လူထုအခြေပြုဗဟိုဌာန (Community Centre) ကြည့်ရှုစစ်ဆေး

ပန်းတနော် ဒီဇင်ဘာ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) သို့ ရောက်ရှိပြီး ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အားပေးစကားပြောကြား

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး (Community Centre) သို့ လာရောက်လေ့လာကြသည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။ (ဓါတ်ပုံ)

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပန်းတနော်မြို့ရှိ ဦးသန့်စာကြည့်တိုက်အဆောက်အဦသို့ ရောက်ရှိပြီး အဆောက်အဦ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပုသိမ်ခရိုင်နှင့် ကျုံပျော်ခရိုင်အတွင်းရှိ ပြည်သူများအား သွားနှင့်ခံတွင်း စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၅

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၊ စတုတ္ထနှစ်ဘီဒီအက်စ် (၁/၂၀၂၃) သင်တန်းအောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူ ၈၆ ဦး၊ အလုပ်သင်ဆရာဝန်ငါးဦး၊ ဘွဲ့လွန်သင်တန်းသား သင်တန်းသူ ၁၃ ဦးနှင့် အုပ်ချုပ်သူ ဆရာ ဆရာမခြောက်ဦး စုစုပေါင်းအင်အား ၁၁၀ ပါဝင်သောအဖွဲ့သည် သင်ရိုးညွှန်းတမ်းလိုအပ်ချက်အရ ကျန်းမာရေးဝန်ကြီးဌာန၏ စီမံဆောင်ရွက်မှု၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှု၊ ပါမောက္ခချုပ်၏ ညွှန်ကြားမှု၊ အဖွဲ့ခေါင်းဆောင် ဆရာ ဆရာမများ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ဒီဇင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်မြို့နယ် ကန်ကြီးထောင့်မြို့နယ်နှင့် ကျုံပျော်ခရိုင်အတွင်းရှိ ကျောင်းကုန်းမြို့နယ်များသို့ သွားရောက်၍ ပြည်သူ့အကျိုးပြု သွားနှင့်ခံတွင်းစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၁၉၀ ပညာပေးဟောပြောပြီး ၁၆၃၇ ဦးကို သွားနှင့်ခံတွင်းစစ်တမ်းကောက်ယူ၍ ၁၉၅၂ ဦးကို သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေးပေးကာ သွားနှင့်ခံတွင်းဝေဒနာရှင် ၁၀၂၂ ဦး တို့ကို အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၁၅

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေကာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရှေ (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား တက်ရောက်

စစ်တွေ ဒီဇင်ဘာ ၁၅

(၄၉) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမဦကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရှေ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖ်၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(ငြိမ်း) ဒေါက်တာ အောင်ကျော်မင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဂုဏ်ထူးဆောင်ဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းခံရသူများ တက်ရောက်ကြသည်။

သဝဏ်လွှာဖတ်ကြား

ရှေးဦးစွာအခမ်းအနားကို ရခိုင်မင်္ဂလာစည်တော်တီးခတ်ကာ ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ကပြဖျော်ဖြေ၍ ဖွင့်လှစ်ကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၄၉) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရှေက ဖတ်ကြားသည်။**(အပေါ်ယာပုံ)**

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆု၊ မှတ်တမ်းတင်ဂုဏ်ပြုလွှာ ရရှိကြသူများကို ဆုတံဆိပ်များ ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်နယ်စီမံထူးချွန်ဆု (ပထမဆင့်) ရရှိသူသုံးဦးကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လယ်ယာစီးပွားထူးချွန်ဆု (ပထမဆင့်) နှင့် ပြည်နယ်လူမှုထူးချွန်ဆု (ပထမဆင့်) ရရှိသူနှစ်ဦးကိုလည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ပြည်နယ် လူမှုထူးချွန်ဆု (ပထမဆင့်) ရရှိသူနှစ်ဦးကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက ပြည်နယ်လူမှုထူးချွန်ဆု(ပထမဆင့်) ရရှိသူနှစ်ဦးကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပြည်နယ်စီမံထူးချွန်ဆု၊ ပြည်နယ် လယ်ယာစီးပွားထူးချွန်ဆု၊ ပြည်နယ်လူမှုထူးချွန်ဆု(ဒုတိယဆင့်)နှင့် (တတိယဆင့်) ရရှိသူများ၊ မှတ်တမ်းတင်ဂုဏ်ပြုလွှာရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

(၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားတွင် ပြည်နယ်စီမံထူးချွန်ဆု (ပထမဆင့်)သုံးဆု၊ (ဒုတိယဆင့်) ၁၅ ဆု၊ (တတိယဆင့်) ၃၀၊ ပြည်နယ်လယ်ယာစီးပွားထူးချွန်ဆု (ပထမဆင့်) တစ်ဆု၊ (ဒုတိယဆင့်)ခြောက်ဆု၊ (တတိယဆင့်) လေးဆု၊ ပြည်နယ်လူမှုထူးချွန်ဆု (ပထမဆင့်)ရှစ်ဆု၊ (ဒုတိယဆင့်) ၁၀ ဆု၊ (တတိယဆင့်) ကိုးဆုနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာ ၁၆၄ ဆု စုစုပေါင်း ၂၅၈ ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့က မှိုဟင်းခူးဇောင်လားကတ်မေ တေးသီချင်းဖြင့်လည်းကောင်း၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများက ရခိုင့်ဘဝတေးသံ တေးသီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဂုဏ်ထူးဆောင်ဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းခံရသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပြခန်းများကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခိုင်သဇင်ခန်းမအတွင်း၌ (၄၉) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဂုဏ်ထူးဆောင်ဆုရရှိသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ရှင်းလင်းပြောကြား

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်ချမှတ်ကာ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်၏ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများက အနာဂတ်တွင် အလားအလာကောင်းသော ပြည်နယ်တစ်ခုဖြစ်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေရေးတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

နိဂုံးချုပ်အမှာစကားပြောကြား

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ကဏ္ဍများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး ကဏ္ဍများနှင့်ပတ်သက်၍ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် စစ်တွေမြို့ အဓိဋ္ဌာန်ကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရှေ ပြည်နယ်စီမံထူးချွန်ဆု (ပထမဆင့်) ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ပြည်နယ်လယ်ယာစီးပွားထူးချွန်ဆု (ပထမဆင့်) ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

သုခဒဂုံအိမ်ရာသို့ YBS ယာဉ်လိုင်းလေးလိုင်းမှ ယာဉ်အစီးရေ ၁၀၀ ခန့်ဖြင့် စတင်ပြေးဆွဲ

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ သုခဒဂုံ ပြည်သူ့အငှားအိမ်ရာသို့ YBS ယာဉ်လိုင်းလေးလိုင်းမှ ယာဉ်အစီးရေ ၁၀၀ ခန့်ဖြင့် စတင်ဝင်ရောက်ပြေးဆွဲပေးနေပြီ ဖြစ်ကြောင်း ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

ဒီဇင်ဘာ ၁၅ ရက်တွင် YBS ၁၁၈၊ YBS ၉၇၊ YBS ၈၁၊ YBS ၇၁ ယာဉ်လိုင်းများမှ ကားအစီးရေ ၁၀၀ ဖြင့် သုခဒဂုံပြည်သူ့အငှားအိမ်ရာသို့ ဝင်ရောက်ပြေးဆွဲနေခြင်းဖြစ်သည်။

“ YBS ၉၇ယာဉ်လိုင်းနဲ့ YBS ၁၁၈ ယာဉ်လိုင်းက စီးပွားရေး တက္ကသိုလ်ကနေစထွက်ပြီး အိမ်ရာထဲကိုဝင်ပြီး မူလလမ်းကြောင်း အတိုင်း ပြေးဆွဲတယ်။ YBS ၈၁ နဲ့ ၇၁ ကလည်း သူ့လမ်းကြောင်း စထွက်တဲ့နေရာကနေ သုခဒဂုံ အငှားအိမ်ရာထဲဝင်ပြီး နဂိုမူလ လမ်းကြောင်းအတိုင်း ပြေးဆွဲပေးနေတယ်။ YBS တွေ နဂိုပြေးဆွဲနေတဲ့ မနက် ၅ နာရီလောက်ကနေ စပြီးပြေးဆွဲတာ၊ သတ်မှတ်တာကတော့ ည ၁၀ နာရီအထိ သတ်မှတ်ထားပေမယ့်အချို့ CNG အခက်အခဲတွေကြောင့် သတ်မှတ်ချိန်အထိ မပြေးဆွဲနိုင်တာမျိုး တော့ရှိတာပေါ့” ဟု ၎င်းက ဆိုသည်။

သုခဒဂုံအိမ်ရာဝင်း အတွင်း နေထိုင်သူပြည်သူများ အဆင်ပြေစေရန် ပြေးဆွဲပေးခြင်းဖြစ်ပြီး အိမ်ရာအတွင်း နိုင်ငံတော်မှ ချပေးထားသည့် မြေဧက ၅ ဧကပေါ်တွင် ယာဉ်ရပ်နားဝင်းအတွက် ပြင်ဆင် ဆောင်ရွက်နေကာ ပြီးစီးပါက အဆိုပါအိမ်ရာအတွင်းမှ ယာဉ်များပြေးဆွဲနိုင်မည်ဟု ဆိုသည်။ သုခဒဂုံပြည်သူ့အငှားအိမ်ရာစီမံကိန်းကို မြေဧက ၁၈၀ ပေါ်တွင် ၂၀၂၀ ပြည့်နှစ်မှစတင် အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပြီး လေးခန်းတွဲ ငါးထပ်အဆောက်အအုံများဖြစ်ကာ အခန်းပေါင်း ၄၃၅၂ ခန်း ပါဝင်သည်။

အဆိုပါအိမ်ရာတွင် ငှားရမ်းနေထိုင်သူများကို နေထိုင်ခွင့် သက်တမ်း ၅ နှစ် သတ်မှတ်ထားပြီး အခန်းခတစ်လလျှင် ငွေကျပ် ၄၆၀၀၀ မှ ၆၇၀၀၀ အထိ သတ်မှတ်ထားကြောင်း သိရသည်။

MT

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူး၍ (၂၆) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲဝန်ကြီးများအစည်းအဝေး မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

(၂၆)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ဝန်ကြီးများအစည်းအဝေးကို မြန်မာနိုင်ငံဆိုင်ရာ ဂျီအမ်အက်စ်ဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သဘာပတိအဖြစ် ဦးဆောင်၍ နေပြည်တော်ရှိ Grand Amara Hotel ၌ ယနေ့ ကျင်းပသည်။

အဆိုပါအစည်းအဝေးကို အလွတ်သဘော အစည်းအဝေးနှင့် မျက်နှာစုံညီအစည်းအဝေး အပိုင်းနှစ်ပိုင်းဖြင့် ကျင်းပခဲ့ပြီး အလွတ်သဘောအစည်းအဝေး၌ ဂျီအမ်အက်စ်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်းသစ်တီထွင်မှုမဟာဗျူဟာရေးဆွဲရေးနှင့် ဒေသခွဲအတွင်း ဒေသန္တရအစိုးရအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရေး စသည့်ခေါင်းစဉ်နှစ်ခုအပေါ် တက်ရောက်လာသည့်နိုင်ငံကိုယ်စားပြုကိုယ်စားလှယ်ခေါင်းဆောင်များက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဦးဆောင်ဆွေးနွေး

ပထမခေါင်းစဉ်ဖြစ်သည့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာရေးဆွဲရေး (Preparation of a Innovation Strategy for GMS 2030) နှင့်စပ်လျဉ်း၍ သဘာပတိဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဦးဆောင်ဆွေးနွေးပြီး အဖွဲ့ဝင်နိုင်ငံ ကိုယ်စားလှယ်များက မဟာဗျူဟာအတွက် လျာထားသည့်ရည်မှန်းချက်များ၊ လုပ်ဆောင်မည့်နယ်ပယ်နှင့် ဦးစားပေးကိစ္စရပ်များအပေါ် လမ်းညွှန်အကြံပြုမှုများနှင့် ဂျီအမ်အက်စ်မဟာဗျူဟာအနေဖြင့် နိုင်ငံအလိုက်ဆောင်ရွက်နေသည့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အချက်များကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယခေါင်းစဉ်ဖြစ်သည့် ဂျီအမ်အက်စ်ဒေသခွဲအတွင်း ဒေသန္တရအစိုးရအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရေး (Strengthening the Engagement of the Local Government in GMS) နှင့်စပ်လျဉ်း၍ သဘာပတိဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မိတ်ဆက်ရှင်းလင်းတင်ပြသည်။

အဆိုပါ ခေါင်းစဉ်နှင့်စပ်လျဉ်း၍ နိုင်ငံကိုယ်စားပြုကိုယ်စားလှယ်ခေါင်းဆောင်များက အမြင်ချင်းဖလှယ်ဆွေးနွေးကြရာတွင် ဂျီအမ်အက်စ်အစီအစဉ်ကို Local Government များအပါအဝင် အခြားပါဝင်ဆက်နွှယ်သူများ (Stakeholders) အားလုံးပါဝင်သော ပွင့်လင်းသည့်ပုံစံ (Inclusive and Open Platform) အဖြစ် ဖော်ဆောင်ရေးနှင့် ပိုမိုတက်ကြွသည့်ပူးပေါင်းဆောင်ရွက်မှုဖြစ်စေရေးအတွက် ဂျီအမ်အက်စ်အစီအစဉ်အောက်တွင် လက်ရှိဒေသန္တရအစိုးရအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုအခြေအနေများကို အကဲဖြတ်သုံးသပ်ခြင်းဖြင့် ပိုမိုအားကောင်းခိုင်မာစေမည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်ကြရန် လိုအပ်ကြောင်း အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဂျီအမ်အက်စ်အစီအစဉ်သည် ဆယ်စုနှစ် သုံးခုကျော် ကာလတိုင်အောင် ပေါင်းစည်းလုပ်ဆောင်မှုများဖြင့် လက်တွဲဆောင်ရွက်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံများ၏ အားကောင်းခိုင်မာပြီး စည်းလုံးညီညွတ်မှုအင်အားတို့ကို ရည်ညွှန်းဖော်ဆောင်သည့်အနေဖြင့် ယခုနှစ်အစည်းအဝေးကို "အနာဂတ်ကာလတွင် မျှဝေခံစားမှုနှင့်အတူ ခံနိုင်ရည်ရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်ရေးအတွက်ခိုင်မာပြီး စည်းလုံးညီညွတ်သည့် မဲခေါင်ဒေသခွဲအသိုက်အဝန်းတစ်ရပ် တည်ဆောက်ခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပရန်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် သဘာပတိဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အခြားဂျီအမ်အက်စ်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အမှာစကားများ ပြောကြားကြသည်။

အစည်းအဝေးတွင် ဂျီအမ်အက်စ်အစီအစဉ်၏ လတ်တလော ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ယခုကျင်းပသည့် ဝန်ကြီးများအစည်းအဝေး၌ အတည်ပြုရန်နှင့် မှတ်တမ်းတင်ရန်ရှိသည့်အကြောင်းအရာများပါဝင်သည့် အဆင့်မြင့်အရာရှိများအစည်းအဝေးအစီရင်ခံစာကို မဟာမဲခေါင်ဒေသခွဲအဆင့်မြင့်အရာရှိများကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျီအမ်အက်စ်ညှိနှိုင်းရေးမှူးဖြစ်သူ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်က ဝန်ကြီးများနှင့် နိုင်ငံကိုယ်စားပြုကိုယ်စားလှယ်ခေါင်းဆောင်များထံ ဖတ်ကြားတင်ပြခြင်း၊ ဂျီအမ်အက်စ်စီးပွားရေးကောင်စီများအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏တိုးတက်မှုနှင့် လက်ရှိဆောင်ရွက်မှုများပါဝင်သည့် အစည်းအဝေးအစီရင်ခံစာကို ဂျီအမ်အက်စ်စီးပွားရေးကောင်စီ သဘာပတိကဝန်ကြီးများနှင့် နိုင်ငံကိုယ်စားပြုကိုယ်စားလှယ်ခေါင်းဆောင်များထံ ဖတ်ကြားတင်ပြခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ဂျီအမ်အက်စ်ဝန်ကြီး/ဒုတိယဝန်ကြီးများနှင့် နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်ခေါင်းဆောင်များက ဂျီအမ်အက်စ်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်းသစ်တီထွင်မှုမဟာဗျူဟာ ရေးဆွဲရေးဆိုင်ရာ သဘောတရားစာတမ်းကို အတည်ပြုကြပြီး ဒေသခွဲအတွင်း ဒစ်ဂျစ်တယ်စနစ်အသွင်ကူးပြောင်းရေး တိုးမြှင့်ဆောင်ရွက်ခြင်းဆိုင်ရာလေ့လာချက်၊ ဂျီအမ်အက်စ်အစီအစဉ်တွင် ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရေးဆိုင်ရာ လေ့လာချက်နှင့် ဂျီအမ်အက်စ်ဒေသခွဲတွင် ဒေသန္တရအစိုးရအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းခိုင်မာရေးဆိုင်ရာလေ့လာချက်တို့ကို အသိအမှတ်ပြုမှတ်တမ်းတင်ကြသည်။

အစည်းအဝေးအတွင်း ဂျီအမ်အက်စ်ဝန်ကြီးများ ပူးတွဲကြေညာချက် (Joint Ministerial Statement) အပေါ် အပြီးသတ်ဆွေးနွေး အတည်ပြုခဲ့ကြပြီး အစည်းအဝေးအပြီးတွင် တက်ရောက်လာသည့် ကိုယ်စားလှယ်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကာ မြန်မာ့ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေဧည့်ခံသည်။

ဂျီအမ်အက်စ်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ မာရဝိဇယဘုရားသို့ သွားရောက်ဖူးမြော်

ထို့နောက် ဂျီအမ်အက်စ်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် နေပြည်တော်တွင် တည်ထားကိုးကွယ်သည့် မာရဝိဇယဘုရားသို့ သွားရောက်ဖူးမြော်ခြင်း၊ ကျောက်မျက်ပြတိုက်သို့ သွားရောက်လေ့လာခြင်း၊ ရန်ကုန်မြို့တွင် ရွှေတိဂုံစေတီတော်နှင့် ဗိုလ်တထောင်ဘုရားတို့သို့ သွားရောက်ဖူးမြော်ခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(၂၆)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများမျက်နှာစုံညီအစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့မှ ဒုတိယအတွင်းရေးမှူးချုပ်ဖြစ်သူ Mr. Nut Unvoanra ဦးဆောင်ပြီး အဖွဲ့ဝင် သုံးဦး၊ တရုတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Lu Jin ဦးဆောင်ပြီး အဖွဲ့ဝင် ခုနစ်ဦး၊ လာအိုနိုင်ငံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြစ်သူ Mme. Phonevanh Outhavong ဦးဆောင်ပြီး အဖွဲ့ဝင် လေးဦး၊ ထိုင်းနိုင်ငံ အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုကောင်စီရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်ဖြစ်သူ Mr. Wanchat Suwankitti ဦးဆောင်ပြီး အဖွဲ့ဝင် ၁၁ ဦး၊ ဗီယက်နမ်နိုင်ငံ စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြစ်သူ Mr. Tran Quoc Phuong ဦးဆောင်ပြီး အဖွဲ့ဝင် ငါးဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့များ၊ မဲခေါင်သိပ္ပံအမှုဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ စုစုပေါင်း ၈၀ ပါဝင်တက်ရောက်ခဲ့ကြသည်။

အွန်လိုင်းစနစ်ဖြင့် ကျင်းပ

(၂၆)ကြိမ်မြောက် ဂျီအမ်အက်စ်ဝန်ကြီးများ အစည်းအဝေးကျင်းပရေးနှင့်စပ်လျဉ်းသည့် အဆင့်မြင့်အရာရှိများ၏ ညှိနှိုင်းအစည်းအဝေးများကိုလည်း ယခုနှစ် ဧပြီ၊ အောက်တိုဘာနှင့် နိုဝင်ဘာတို့တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကြီးမှူးလျက် အွန်လိုင်းစနစ်ဖြင့် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံသည် ဂျီအမ်အက်စ်အစီအစဉ်နှင့် စပ်လျဉ်း၍ ၂၀၁၁ ခုနှစ်တွင် စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေး၊ ၂၀၁၂ ခုနှစ်တွင် စတုတ္ထအကြိမ် ဂျီအမ်အက်စ်စီးပွားရေးစင်္ကြံများဖိုရမ်၊ ၂၀၁၅ ခုနှစ်တွင် အကြိမ်(၂၀)မြောက် ဂျီအမ်အက်စ်ဝန်ကြီးများအစည်းအဝေးနှင့် ၂၀၁၈ ခုနှစ်တွင် (၁၀)ကြိမ်မြောက် ဂျီအမ်အက်စ်စီးပွားရေးစင်္ကြံများဖိုရမ်တို့ကို အိမ်ရှင်အဖြစ်လက်ခံကျင်းပသည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ယခုနှစ် ဇွန်လတွင် (၆)ကြိမ်မြောက် ဂျီအမ်အက်စ်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် နိုဝင်ဘာတွင် (၅၂) ကြိမ်မြောက် ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးတို့ကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မုံရွာစီးပွားရေးတက္ကသိုလ်၌ (၇၆) နှစ်မြောက်လွတ်လပ်ရေးနေ့ အကြိုဟောပြော

မုံရွာ ဒီဇင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာစီးပွားရေး တက္ကသိုလ်၌ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မုံရွာစီးပွားရေးတက္ကသိုလ် အဆောင်(၇) ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မုံရွာစီးပွားရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်တန်း)ဒေါက်တာဒေါ်စိုးသူက အမှာစကားပြောကြားပြီး မြန်မာစာဌာန ကထိက ဒေါ်နိုင်နိုင်မြင့်က လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းကြောင်းနှင့် လွတ်လပ်ရေးနေ့အကြောင်း ဟောပြောခဲ့သည်။

အဆိုပါအခမ်းအနားသို့ မုံရွာစီးပွားရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ သင်ကြားရေးနှင့် စီမံဌာနများမှ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ယွန်း (မုံရွာ၊ကိုယ်ပွား)

❑ *ကျောဖုံးမှ*

အဆိုပါ ဖြစ်စဉ်ကြောင့် ရန်ကုန် – မန္တလေး လမ်းပိုင်းအတွင်း ပြေးဆွဲနေသည့် လူစီးအမြန်ရထား လေးစင်း၊ လူစီးကုန်တင်ရထား နှစ်စင်းနှင့် ကုန်ရထားခြောက်စင်းတို့ ပြေးဆွဲမှုရပ်နားခဲ့ရပြီး ရထားစီးခရီးသည်များကို မော်တော်ယာဉ်များ စီစဉ်၍ ရန်ကုန်ဘူတာကြီးသို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။

ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးနှင့် ရထားခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် မြန်မာ့မီးရထားတာဝန်ရှိသူများက စက်ခေါင်းနှင့်တွဲများအား ပြန်လည်မတင်ခြင်း၊ လမ်းပိုင်းပြုပြင်ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ နေ့ရောညပါ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ယနေ့ နံနက် ၁၂ နာရီ မိနစ် ၄၀ တွင် ရထားလမ်းပိုင်းကို ပြန်လည် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

လမ်းပိုင်းကြံ့ခိုင်မှုနှင့် လုံခြုံရေးများ စိစစ်ဆောင်ရွက်ပြီးနောက် ယနေ့ ညနေပိုင်းမှစတင်၍ ရန်ကုန်ဘူတာကြီးမှထွက်ခွာမည့် အမှတ်(၃) အဆန်၊ အမှတ်(၅) အဆန်နှင့် မန္တလေးဘူတာကြီးမှထွက်ခွာမည့် အမှတ်(၄)အစုန်၊ အမှတ်(၆) အစုန် လူစီး အမြန်ရထားများအပြင် ရန်ကုန်– မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကုန်ရထားများနှင့် အခြားရထားခရီးစဉ်များကို ပုံမှန်ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ရှမ်းပြည်နယ် အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် တင်ကိုကို၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း ပင်လောင်းမြို့နယ်နှင့် ကလောမြို့နယ်များအတွင်း သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် နောင်မွန်းကျေးရွာသို့သွားရောက်ကာ ရွှေတက်တိုးသမဝါယမအသင်း၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ခြံလှောင်စနစ်ဖြင့် နွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နွားစာအတွက် အဲဗား ဂရင်းမြက်မျိုးများ တိုးချဲ့စိုက်ပျိုးရန်၊ နိုင်ငံခြားမျိုးများ သားစပ်ထုတ်လုပ်နိုင်ရေး သက်ဆိုင်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ စိတ်တူကိုယ်တူ ဆန္ဒတူသူများစုပေါင်း၍ သမဝါယမအသင်းများ ဖွဲ့စည်းကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြရန် မှာကြားကာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် ခြံလှောင်စနစ်ဖြင့် စုပေါင်းနွားမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နောင်တရားမြို့ရှိ နောင်တရားအာလူးစိုက်ပျိုးရေး၊ အထွေထွေလုပ်ငန်း သမဝါယမအသင်း၏ အာလူးစက်ရုံလည်ပတ်နေမှုနှင့် အာလူးမျိုးများ အအေးခန်းတွင် သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်ရရှိရေးဆွေးနွေးပြောကြားကာ အသင်းသားတောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် စက်ရုံအတွင်း စက်ပစ္စည်းများတပ်ဆင်ထားရှိမှုနှင့် သဘာဝမြေဩဇာထုတ်လုပ်မှု(**ယာပုံ**)၊ တစ်သျှူးကာချာနည်းဖြင့် အာလူးမျိုးထုတ်လုပ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကလောမြို့နယ် ဘော်နင်းရွာသစ်ကျေးရွာအပါအဝင် ကျေးရွာခြောက်ရွာရှိ တောင်သူများ၏ စိုက်ပျိုးမြေဧက ၁၅၀၀ ကို အကျိုးပြုပေးနိုင်မည့် ဘော်နင်းရွာသစ်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေ

မှုကို ကြည့်ရှုစစ်ဆေးကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကလောမြို့နယ်၊ ဘော်နင်းကျေးရွာအုပ်စုတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ညောင်ကုန်း-လက်မောင်းကွေးလမ်းကို ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများအား စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး မှာကြားကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ပုဗ္ဗသီရိမြို့နယ် အောင်သာယာရပ်ကွက်ရှိ အထည်ချုပ်စက်ရုံလုပ်သားများနှင့် ဒေသခံပြည်သူများ ကိုယ်ရေးအချက်အလက်များကောက်ယူ၍ e-ID စနစ် လုပ်ငန်းဆောင်ရွက်နေမှုကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၁၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ပုဗ္ဗသီရိမြို့နယ် အောင်သာယာရပ်ကွက်ရှိ မိုးသီရိအထည်ချုပ်နှင့် ဖြန့်ချိရေးလုပ်ငန်းသို့သွားရောက်၍ အဆိုပါလုပ်ငန်း ကုမ္ပဏီဆောင်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုဗ္ဗသီရိမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အထည်ချုပ်လုပ်ငန်းဝင်းအတွင်းရှိ မိသားစုဝင်များနှင့် အနီးပတ်ဝန်းကျင်ရပ်ကွက်အတွင်း နေထိုင်ကြသည့် ပြည်သူများအနက် နိုင်ငံသားကတ်ပြားမရရှိသေးသည့် ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကိုဆောင်ရွက်ပေး၍ e-ID စနစ်အတွက် ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာအချက်

အလက် (Biometric) များ ကောက်ယူခြင်းလုပ်ငန်း တစ်ပါတည်း ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ နိုင်ငံသားကတ်ရှိပြီးသူ စက်ရုံလုပ်သားများနှင့် ပြည်သူများအား ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) များကောက်ယူကာ e-ID စနစ်အတွက် ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေး ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ထို့နောက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မြို့နယ်အတွင်း မည်သည့်နေရာဒေသတွင် နေထိုင်စေကာမူ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်နိုင်ရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေးနှင့် ရွှေ့ပြောင်းနေထိုင်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်း ရှိ/ မရှိ မေးမြန်းစိစစ်ကာ မရှိသေးသူများအတွက် မြို့နယ်အဆင့်ဖွဲ့စည်းထားသည့် ငါးဦးကော်မတီဖြင့် စိစစ်ဆောင်ရွက်ပေးနိုင်ရေး မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဒေသခံပြည်သူများအား လုပ်ငန်းဆောင်ရွက်ပေးမှုအခြေအနေများအပေါ် တွေ့ကြုံရသည့်အခက်အခဲများကို မေးမြန်းဆွေးနွေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားသင်တန်းကျောင်းသို့သွားရောက်၍ သင်တန်းကျောင်းခန်းမ၌ အကြမ်းဖက်ဖြစ်စဉ်များ မဖြစ်ပွားမီ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ဒေသအသီးသီးသို့ သွားရောက် တာဝန်ထမ်းဆောင်ရန် ပြောင်းရွှေ့မိန့်ထုတ်ပြန်ထားသည့်ဝန်ထမ်းများနှင့် အကြမ်းဖက်ဖြစ်စဉ်များဖြစ်ပွားနေသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသအသီးသီးရှိ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးများမှ နေပြည်တော်သို့ ယာယီစစ်ဘေးရှောင်ရောက်ရှိလာသည့်ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းသို့ ယာယီစစ်ဘေးရှောင်ရောက်ရှိနေသည့် ဝန်ထမ်းများ အခြေအနေနှင့် ၎င်းတို့အား နေထိုင်စားသောက်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တည်ငြိမ်အေးချမ်းမှု ရှိသည်နှင့်အညီ သက်ဆိုင်ရာရုံးများသို့ ပြန်လည်စေလွှတ် တာဝန်ထမ်းဆောင်နိုင်ရေးအခြေအနေတို့နှင့် စပ်လျဉ်း၍ မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များကို လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် ဆန်အိတ်များနှင့် စားသုံးဆီတို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါဝန်ထမ်းများ နေရာချထားသည့် အိပ်ဆောင်များ အခြေအနေ၊ ရေ/ မီး ရရှိမှုနှင့် စားရိပ်သာ အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပုသိမ်ကြီးမြို့နယ်၌ မိုးစပါးရိတ်သိမ်းမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

ပုသိမ်ကြီး ဒီဇင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများသည် မြို့နယ်တွင်း သမဝါယမအသင်းစုငွေများဖြင့် သွင်းအားစု ပံ့ပိုးပေးထားသော စိုက်ပျိုးထားသည့် မိုးစပါးများ ရိတ်သိမ်းမှုနှင့်အထွက်နှုန်းအခြေအနေများကို ယနေ့နံနက်၁၀ နာရီက ရွာသစ်ကျေးရွာသို့သွားရောက်၍ ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါကျေးရွာရှိ ရွာသစ်လယ်ယာနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းဥက္ကဋ္ဌ ဦးသန်းဆောင်၏ မိုးစပါး ၅ ဧက ရိတ်သိမ်းမှု အခြေအနေများကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မိုးနွယ်၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းလွင်ဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

ရေနံချောင်းမြို့နယ်မှ မြေပဲများ မကွေးမြို့ဈေးကွက်သို့ ရောင်းချလျက်ရှိ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်အတွင်းရှိ ကမ္မ၊ သပွတ်စု၊ လက်ခွပ္ပင်၊ သားလှူးကန်၊ မန်ကျည်းတိုင်း၊ ဝါရိုး၊ ကျောက်ဆူကျေးရွာများ၌ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော မြေပဲသီးနှံကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသည်။

မြေပဲဈေးနှုန်းအနေဖြင့် ပင်ထောင်မျိုး(အစို) တစ်တင်းလျှင် ကျပ် ၁၃၀၀၀ မှ ၁၄၀၀၀၊ ပင်ထောင်မျိုး (အခြောက်) တစ်တင်းလျှင် ကျပ် ၁၈၀၀၀ မှ ၂၀၀၀၀ ရရှိပြီး ပင်ပြန့်မျိုး (အစို) တစ်တင်းလျှင် ကျပ် ၁၅၀၀၀ မှ ၁၆၀၀၀၊ ပင်ပြန့်မျိုး (အခြောက်) တစ်တင်းလျှင် ကျပ် ၂၀၀၀၀ မှ ၂၂၀၀၀ ဖြင့် ရောင်းချရကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းနှင့် မကွေးမြို့သို့ ရောင်းချရကြောင်း မြေပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မကွေး)

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖြစ်ပွားနေသော ပဋိပက္ခများနှင့်ပတ်သက်၍ တရုတ်နိုင်ငံမှ နယ်မြေငြိမ်းချမ်းရေး၊ လုံခြုံရေးအတွက် ကူညီနေမှုများအပေါ် အနောက်အုပ်စုအားကိုးမီဒီယာများနှင့် အနောက်အုပ်စုအားကိုးအဖွဲ့များ၏ ဝေဖန်ချက်အမျိုးမျိုးဖြင့် ထုတ်လွှင့်ပြောဆိုနေမှုများ

၁၅-၁၂-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ

ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူအနေနဲ့ ကျွန်တော် ယခင်နေ့ကပြောထားတဲ့ အတိုင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ဖြစ်နေတဲ့ ပဋိပက္ခများနဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံရဲ့ နယ်မြေငြိမ်းချမ်းရေး၊ လုံခြုံရေးအတွက် ကူညီမှုရှိခဲ့ပါတယ်။ ဒီကူညီမှုနဲ့ပတ်သက်ပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအတွက် ဆောင်ရွက်ခဲ့တယ်၊ သဘောတူခဲ့တယ်ဆိုတာကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီလိုထုတ်ဖော်ပြောကြားပြီး နောက်ပိုင်းမှာတော့ ထုံးစံအတိုင်းပါပဲ။ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေး၊ မြန်မာနိုင်ငံရဲ့တည်ငြိမ်ရေးကိုမလိုလားတဲ့ အနောက်အုပ်စုမီဒီယာများနဲ့ အနောက်အုပ်စုအားကိုးအဖွဲ့များရဲ့ ဝေဖန်ချက်တွေ၊ အင်တာဗျူးတွေ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လာတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒီအဖွဲ့တွေက ကျွန်တော်ပြောခဲ့တဲ့အတိုင်းပါပဲ။ သူတို့အနေနဲ့ကတော့ ဘယ်တော့မှ မြန်မာနိုင်ငံ ငြိမ်းချမ်းမှာကို လိုလားမှာမဟုတ်ပါဘူး။ တရုတ် - မြန်မာ နယ်စပ်ဒေသငြိမ်းချမ်းမှာကို လိုလားမှာမဟုတ်ပါဘူး။ တရုတ် – မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ဘယ်တော့မှလိုလားမှာမဟုတ်ပါဘူး။ ဒါကြောင့် ဝေဖန်ချက်အမျိုးမျိုးနဲ့ ထုတ်လွှင့်နေတာမျိုးကိုတွေ့ရပါတယ်။ ဒီလိုအခြေအနေမျိုးမှာ မြန်မာနိုင်ငံအပေါ်မှာရော၊ တရုတ်နိုင်ငံအပေါ်မှာရော ဝေဖန်မှု ပြင်းပြင်းထန်ထန်လုပ်နေတာကို တွေ့ရပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ပြောပြီးသားဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်ရင် မြန်မာ့ကောင်းကျိုး၊ မြန်မာ့ငြိမ်းချမ်းရေးအကျိုးကိုလိုလားတဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းတွေ

နဲ့ လက်တွဲဆောင်ရွက်သွားမှာဖြစ်တယ်လို့ ပြောပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တစ်နိုင်ငံလုံးပြန်လည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပေါ်မှာပဲ မူတည်ပြီး ဦးတည်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မည်သို့သော တိုက်ခိုက်မှုတွေရှိပါစေ၊ မည်သို့သော ဝေဖန်မှုတွေရှိပါစေ အဓိက ကတော့ ကျွန်တော်တို့ ပြည်သူ ပြည်သားတွေ ငြိမ်းချမ်းစွာနေထိုင်နိုင်ဖို့ပဲအရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားတွေ အေးချမ်းစွာနေထိုင်နိုင်ဖို့ပဲအရေးကြီးပါတယ်။ တိုက်ပွဲတို့၊ စစ်ပွဲတို့ ဆိုတဲ့ ပဋိပက္ခတွေကို အဲဒီဒေသမှာနေတဲ့ တိုင်းရင်းသားပြည်သူ၊ အဲဒီဒေသမှာနေတဲ့ သူတွေက ပိုပြီးအနိဋ္ဌာရုံခံစားရတာဖြစ်ပါတယ်။ ပြည်ပကနေအော်နေတဲ့ အနောက်နိုင်ငံအားကိုးပြီး ပြည်ပမှာထွက်ပြေးနေတဲ့သူများကတော့ အရိပ်ထဲကနေ အော်နေတာပဲဖြစ်ပါတယ်။ တကယ့်လက်တွေ့ခံစားနေရတာက ကျွန်တော်တို့ပြည်သူတွေပဲ ဖြစ်ပါတယ်။

ဒီနေ့မှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်ဒေသမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး ဘက်မှာတော့ ထီးချိုင့်ဘက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ ထီးချိုင့်ဘက်မှာ သူတို့အခြေပြုပြီးတော့ ထီးချိုင့်မြို့ကို အမြဲတမ်းတိုက်ခိုက်နေတဲ့ ရန်သူ့အခြေပြုနေရာတစ်ခုကို ကျွန်တော်တို့သိမ်းပိုက်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်လာရင် ဆက်လက်ပြီးဆောင်ရွက်ရမယ့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆက်လက်ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးရဲ့ အနှစ်သာရ၊ ငြိမ်းချမ်းရေးရဲ့ အကျိုးရလဒ်၊ ငြိမ်းချမ်းရေးနဲ့အတူပါလာမယ့် ဖွံ့ဖြိုးတိုးတက်မှုတွေကို တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသားပြည်သူအားလုံးကို ခံစားနိုင်အောင် ဦးတည်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြောကြားလိုတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

နမ့်ခမ်းမြို့တွင် စစ်ဘေးရှောင်ပြည်သူ ၂၀၀ ကျော် ခိုလှုံနေသည့် ဇေယျသုခဘုန်းကြီးကျောင်းကို တပ်မတော်က လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ဟု မဟုတ်မမှန်ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၅

ရှမ်းပြည်နယ် နမ့်ခမ်းမြို့တွင် စစ်ဘေးရှောင်ပြည်သူ ၂၀၀ ကျော် ခိုလှုံနေသည့် ဇေယျသုခဘုန်းကြီးကျောင်းကို တပ်မတော်က လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာ Khit Thit Media က မဟုတ်မမှန် သတင်းရေးသား၍ လူမှုကွန်ရက်စာမျက်နှာတွင် ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နမ့်ခမ်းမြို့နယ်ရှိ အဆိုပါ ဇေယျသုခဘုန်းတော်ကြီးကျောင်းတွင် ရောက်ရှိနေသည့် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ ဒီဇင်ဘာ ၁၃ ရက်တွင် တပ်မတော်က လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုမရှိကြောင်း၊ သတင်းအမှားသာ ဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိရာ ဒေသခံပြည်သူလူထု ထိခိုက်နစ်နာစေမည့် လုပ်ရပ်များကို မည်သည့်အခါမျှ လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်းနှင့် အကြမ်းဖက်အားပေးမီဒီယာများ အနေဖြင့် ဒေသခံပြည်သူများ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်အတွက် မဟုတ်မမှန် သတင်းများကို လုပ်ကြံရေးသား ဝါဒဖြန့်နေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် တပ်မတော်အားပေးသူတွေကို နေ့စားခပေးပြီး လုံခြုံရေးအတွက် အသုံးပြုနေသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၅

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် တပ်မတော်အားပေးထောက်ခံသူများကို ဒီဇင်ဘာလ ပထမအပတ်ကစပြီး နေ့စားခပေး၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ လုံခြုံရေးဆောင်ရွက်ရန်အတွက် အသုံးပြုနေကြောင်း၊ ရပ်ကွက်တစ်ခုလျှင် အနည်းဆုံး ငါးယောက်ထက်မနည်း ငှားရမ်းထားပြီး တစ်ရက်လျှင် ငွေကျပ် ၃၀၀၀၀ ပေးကာ လက်နက်နှင့် လက်ကိုင်တုတ်များလည်း ထုတ်ပေးထားရှိကြောင်း လူမှုကွန်ရက်တွင် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများနှင့် တပ်တွင်းသတင်းအရင်းအမြစ်များ၏ ပြောကြားချက်များအရ မှန်ကန်မှုမရှိကြောင်း သိရှိရသည်။ ပြည်ဖျက်မီဒီယာများသည် လူမှုကွန်ရက်များကို အသုံးပြု၍ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပြည်သူများအကြား အထင်အမြင်လွဲမှားစေရန်နှင့် ပြည်သူများအား ကြောက်ရွံ့ထိတ်လန့်စေရန် သတင်းတု၊ သတင်းအမှားများကို ကြိမ်ဖန်များစွာ ရေးသားဖြန့်ဝေ၍ လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် (၇၅၉ /၂၀၂၃)

၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

ပြည်ထဲရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

(ယမန်နေ့မှအဆက်)

၁၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၂။ တာဝန်ခံဆရာဝန်သည် ဆေးဝါးသုံးစွဲသူများအား ဆေးကုသပေးခြင်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ကုသရေးဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီပြုစုပြီး ဗဟိုအဖွဲ့နှင့် ဆေးကုသရေးအဖွဲ့သို့ အစီရင်ခံရမည်။"

၁၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၃။ (က) ဆေးဝါးသုံးစွဲသူ ကုသရေးဌာနများမှအပ အခြားဆေးရုံ၊ဆေးခန်း၊ ဆေးကု ဂေဟာ သို့မဟုတ် အခြားနေရာ တစ်ခုခုရှိ ဆရာဝန်တစ်ဦးဦးသည် ၎င်းထံသို့ ဆေးဝါးကုသရန် ရောက်ရှိလာသော ဆေးဝါးသုံးစွဲသူကို တွေ့ရှိလျှင် သက်ဆိုင်ရာ ဆေးဝါးသုံးစွဲသူကုသရေးဌာနသို့ သွားရောက်ကုသရန် ညွှန်ကြားပေးရမည်။

(ခ) ဆေးဝါးသုံးစွဲသူကုသရေးဌာနများမှအပ အခြားဆေးရုံ၊ ဆေးခန်း၊ ဆေးကုဂေဟာ သို့မဟုတ် အခြားနေရာတစ်ခုခုတွင် ခွင့်ပြုချက်မရှိဘဲ ဆေးဝါးသုံးစွဲသူအား ဆေးဝါးကုသပေးလျှင် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သလို အရေးယူဆောင်ရွက်ရမည်။ သို့ရာတွင် ဆေးစွဲလူနာတစ်ဦးအား အရေးပေါ်အသက်ကယ်ကုသခြင်းနှင့် မသက်ဆိုင်စေရ။"

၁၅။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၅ နည်းဥပဒေခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ဂ) ပြန်လည်ထူထောင်ရေးသင်တန်း တက်ရောက်ပြီးသူများအား ၎င်းတို့တတ်စွမ်းသည့် ပညာဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ပြန်လည်နေရာချထားပေးခြင်းနှင့် ဆေးဝါးပြန်လည်သုံးစွဲမှု မဖြစ်ပေါ်ရေးအတွက် ဆက်လက်စောင့်ရှောက်ခြင်း၊"

၁၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၇ တွင်–

(က) နည်းဥပဒေခွဲ (ခ) ကို ပယ်ဖျက်ရမည်။

(ခ) နည်းဥပဒေခွဲ (ဃ) ၏နောက်တွင် နည်းဥပဒေခွဲ (င) နှင့် (စ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(င) ဥပဒေပုဒ်မ ၁၅ အရ လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်စေသော ဆေးဝါးသုံးစွဲသူအား လိုအပ်ပါက ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့ဆောင်ရန် သက်ဆိုင်ရာ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(စ) ဆေးဝါးသုံးစွဲသူအား အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်။"

၁၇။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၇ ၏နောက်တွင် နည်းဥပဒေ ၁၇–က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"၁၇–က။(က) မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲစခန်းမှူးသည် လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်သော ဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေးစခန်းသို့ ပြန်လည်ပို့ဆောင်ရန် လိုအပ်ပါက မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။"

(ခ) မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ ဖြစ်စေ၊ နည်းဥပဒေ ၁၇ နည်းဥပဒေခွဲ (င) အရဖြစ်စေ ညှိနှိုင်းချက်နှင့်စပ်လျဉ်း၍ ဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့ဆောင်ရန် လိုအပ်သလို စီမံဆောင်ရွက်ရမည်။"

၁၈။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ အခန်း (၃)၊ ပြန်လည်ထူထောင်ခြင်းအခန်းတွင် ပါရှိသော မူလနည်းဥပဒေ ၁၈ ကို ပယ်ဖျက်ရမည်။

၁၉။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ အခန်း (၃) ၏ နောက်တွင် အခန်း (၃–က)၊ အခန်းခေါင်းစဉ်၊ နည်းဥပဒေ ၁၈ နှင့် ၁၈–က တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"အခန်း (၃–က)

လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်စေခြင်း

၁၈။ (က) ပြန်လည်ထူထောင်ရေးစခန်း တာဝန်ခံသည် ဆေးဝါးသုံးစွဲသူ လိုက်နာရမည့် ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို စခန်းအလိုက် ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်ထုတ်ပြန်နိုင်သည်။

(ခ) ဆေးဝါးသုံးစွဲသူသည် ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ထားသည့်ကာလအတွင်း စခန်းကထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ရမည်။

(ဂ) ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် ဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေးစခန်း၌ ပြန်လည်ထူထောင်ခြင်းပြုလုပ်ပေးရမည့်ကာလကို ခြောက်လ သတ်မှတ်ဆောင်ရွက်ရမည်။

(ဃ) ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ထားသော ဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေး ကာလအတွင်း ဆေးကုသမှုနှင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျန်းမာရေးဝန်ထမ်းများ တာဝန်ချထားနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

၁၈–က။(က) သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေး စခန်းတာဝန်ခံသည် စခန်းက ထုတ်ပြန်ထားသော ညွှန်ကြားချက် သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ဆေးဝါးသုံးစွဲသူကို ၎င်းဖောက်ဖျက်သော ညွှန်ကြားချက် သို့မဟုတ် စည်းကမ်းချက်များဖော်ပြ၍ သက်ဆိုင်ရာ မြို့နယ်တရားရုံးသို့ လျှောက်ထားရမည်။

(ခ) တရားရုံးသည် လျှောက်ထားခြင်းခံရသူအား လူမှုအကျိုးပြုလုပ်ငန်းများကို ကိုယ်တိုင်လုပ်အားဖြင့် သတ်မှတ်ထားသည့်နေရာ၌ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အခမဲ့လုပ်ဆောင်ရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) အမိန့်ချမှတ်ခြင်းခံရသူသည် တရားရုံးကချမှတ်သည့် လူမှုအကျိုးပြုလုပ်ငန်းများကို သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်း၌ နေထိုင်ရမည့်ကာလ ပြီးဆုံးသည့်နေ့၏ နောက်ရက်တွင် စတင်ဆောင်ရွက်ရမည်။

(ဃ) တရားရုံးသည် လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်ရန် အမိန့်ချမှတ်ခြင်းခံရသူအား ကြီးကြပ်မှုပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ စာဖြင့် အကြောင်းကြားရမည်။

(င) မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ရန် အမိန့်ချမှတ်ခြင်းခံရသူအား ကြီးကြပ်မှုပေးနိုင်ရန် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှု ကြီးကြပ်ရေးအဖွဲ့က တာဝန်ပေးအပ်ထားသည့်ဌာနသို့ စာဖြင့် အကြောင်းကြားရမည်။

(စ) လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ခြင်းကို ကြီးကြပ်ရန် တာဝန်ပေးအပ်ခံရသည့် ဌာနသည် တရားရုံးက အမိန့်ချမှတ်ခြင်းခံရသူ၏ လုပ်ဆောင်ရမည့် လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်မှု အခြေအနေကို မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ ပြန်လည်တင်ပြရမည်။"

၂၀။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၁။ အများပြည်သူတို့ ဝင်ထွက်သွားလာခြင်း မပြုနိုင်သော နေအိမ်၊ အဆောက်အအုံ၊ နေရာ၊ ယာဉ်တစ်ခုခုတွင် ပြစ်မှုတစ်ခုခုကိုကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် အားထုတ်ကြောင်း လုံလောက်သည့်အကြောင်းရှိလျှင် ဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်သည့် ဆေးဝါး သို့မဟုတ် ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းကို ထားရှိကြောင်း သို့မဟုတ် လျှို့ဝှက်ထားကြောင်း ယုံကြည်ရန် လုံလောက်သည့် အကြောင်းရှိလျှင်ဖြစ်စေ ထိုနေအိမ်၊ အဆောက်အအုံ၊ နေရာ၊ ယာဉ်ကို ရှာဖွေရန်–

(က) အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက ရှာဖွေရေးအရာရှိအား ရှာဖွေအမိန့် ထုတ်ပေး၍ ရှာဖွေစေနိုင်သည်–

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက်ဖြစ်လျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲဦးစီးအရာရှိချုပ် သို့မဟုတ် မှုခင်းနှင့်ဥပဒေရေးရာဌာနကြီးမှ ဌာနကြီးမှူး၊ နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး၊

(၂) နယ်ခြားစောင့်ရဲ ကွပ်ကဲမှုအဖွဲ့အတွက် ဖြစ်လျှင် ကွပ်ကဲရေးမှူး သို့မဟုတ် ဒုတိယကွပ်ကဲရေးမှူး သို့မဟုတ် ကွပ်ကဲမှုအဖွဲ့ခွဲမှူး သို့မဟုတ် တပ်ဖွဲ့ခွဲမှူး၊

(၃) မှုခင်းရဲတပ်ဖွဲ့နှင့် သတင်းရဲတပ်ဖွဲ့အတွက် ဖြစ်လျှင် တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် တပ်ဖွဲ့ခွဲမှူး၊

(၄) အကောက်ခွန်ဦးစီးဌာနအတွက်ဖြစ်လျှင်–

(ကက) ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြစ်ပါက ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က အခွင့်အာဏာ အပ်နှင်းထားသည့် ညွှန်ကြားရေးမှူး၊

(ခခ) ကျန်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရုံးစိုက်ရာမြို့များနှင့် နေပြည်တော်တွင် ညွှန်ကြားရေးမှူး၊

(ဂဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ညွှန်ကြားရေးမှူး ရုံးစိုက်ရာမြို့ မဟုတ်သည့် မြို့နယ်များတွင် မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး၊

(ဆက်လက်ဖော်ပြပါမည်)

လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် (၇၆၀ /၂၀၂၃)
၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

ပြည်ထဲရေးဝန်ကြီးဌာနသည် လောင်းကစားဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

(ယမန်နေ့မှအဆက်)

အခန်း(၅)

ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် လောင်းကစားဖမ်းဆီးရေးအဖွဲ့က ဆောင်ရွက်ရန်နည်းလမ်းများ

၁၆။ လောင်းကစားအိမ်တွင် လောင်းကစားခြင်းကို ဝင်ရောက်ရှာဖွေဖမ်းဆီးရန်ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် ဥပဒေအရ သက်ဆိုင်ရာ ဝရမ်းထုတ်ပေးခွင့်ရှိသူထံမှ ဝရမ်းရရှိမှသာ လုပ်ငန်းစတင် ဆောင်ရွက်ရမည်။

၁၇။ ဝရမ်းဖြင့် တာဝန်ပေးခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည်-

(က) ဝရမ်းကို လုံခြုံစွာ သိမ်းဆည်းထားရမည်။

(ခ) ဝရမ်းထုတ်ပေးထားကြောင်း သတင်းမပေါက်ကြားစေရ။

(ဂ) ဝရမ်းထုတ်ပေးသည့်နေ့မှစ၍ ဝရမ်းကို အသုံးပြုရသည့်နေ့အထိ ဆောင်ရွက်ချက်ကို နေ့စဉ်မှတ်တမ်းထားရှိရမည်။

၁၈။ ဝရမ်းဖြင့် တာဝန်ပေးခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် ဝရမ်းတွင် သတ်မှတ်ထားသည့်ကာလအတွင်း၌သာ ဝရမ်း၌ ဖော်ပြထားသည့် လောင်းကစားအိမ်သို့ အချိန်မရွေး ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်သည်။

၁၉။ ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် လောင်းကစားအိမ်သို့ ဝင်ရောက်ရာတွင်-

(က) ဝရမ်းပါရှိရမည်။

(ခ) ရှာဖွေပုံစံ ပါရှိရမည်။

(ဂ) သက်သေ အနည်းဆုံးနှစ်ဦး ပါရှိရမည်။

(ဃ) သင့်လျော်မည့် လူအင်အားကို ခေါ်ဆောင်သွားနိုင်သည်။

(င) လောင်းကစားအိမ်အတွင်းသို့ အလွယ်တကူ ဝင်ရောက်နိုင်ခြင်းမရှိပါက မည်သည့်နည်းဖြင့်မဆို ဝင်ရောက်နိုင်ခွင့်ရှိသည်။

၂၀။ (က) အပိုဒ် ၁၉ အရ ဖမ်းဆီးသူသည်-

(၁) ဖမ်းဆီးရမိသူများ၏ အမည်စာရင်းကိုရယူပြီး သက်သေနှစ်ဦးရှေ့တွင် ရှာဖွေ၍ တွေ့ရှိသည့် သက်သေခံပစ္စည်းများကို ရှာဖွေပုံစံ (ပုံစံ-ခ) ဖြင့် သိမ်းဆည်းပြီး ဖမ်းဆီးရမိသူများကို ဥပဒေအရ အမှုဖွင့်အရေးယူရန် သက်သေခံပစ္စည်းများ၊ တိုင်စာနှင့်အတူ သက်ဆိုင်ရာရဲစခန်းသို့ ချက်ချင်းအပ်နှံရမည်။ သို့ရာတွင် သယ်ယူရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ပိုင်ရှင်အား ယာယီပြန်လည်အပ်နှံခြင်းကတိခံဝန်ချုပ် (ပုံစံ-ဃ) ဖြင့် ပေးအပ်ထားနိုင်သည်။

(၂) အထက်ပါဆောင်ရွက်ချက်များကို လောင်းကစားဝရမ်း အတည်ဖြစ်ကြောင်း အစီရင်ခံစာ (ပုံစံ-ဂ) ဖြင့် ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီအတွင်း ဝရမ်းထုတ်ပေးသူထံ အစီရင်ခံတင်ပြရမည်။

(ခ) အပိုဒ်ခွဲ(က) အရ လောင်းကစားဖမ်းဆီးသူက အပ်နှံခြင်းကို လက်ခံရရှိသည့် ရဲစခန်းသည် ပထမသတင်းပေးတိုင်ချက်ရေးဖွင့်၍ ဆက်လက်ဆောင်ရွက်ရမည်။

၂၁။ ဝရမ်းဖြင့် တာဝန်ပေးခြင်းခံရသည့် ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် ဝရမ်းတွင် သတ်မှတ်ဖော်ပြထားသည့် ကာလအတွင်း လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်ခြင်းမရှိလျှင် မည်သည့်အတွက် ဖမ်းဆီးနိုင်ခြင်းမရှိကြောင်း အကျိုးအကြောင်းဖော်ပြချက်ပါရှိသည့် လောင်းကစားဝရမ်းအတည်မဖြစ်ကြောင်း အစီရင်ခံစာ [ပုံစံ-ဂ(၁)] နှင့်အတူ ဝရမ်းကို ဝရမ်းထုတ်ပေးသူထံ ဆောလျင်စွာ ပြန်လည်တင်ပြအပ်နှံရမည်။

အခန်း(၆)

လောင်းကစားခြင်းကို ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သိမ်းဆည်းခြင်း ဆောင်ရွက်ရာတွင် လိုက်နာရန် နည်းလမ်းများ

၂၂။ လောင်းကစားခြင်းကို ဖမ်းဆီးသူသည်-

(က) လောင်းကစားအိမ်ရှင်ကိုဖြစ်စေ၊ လောင်းကစားအိမ်အတွင်း တွေ့ရှိသူတစ်ဦးဦးကိုဖြစ်စေ ၎င်းတွင် ဝရမ်းပါရှိကြောင်း ပြောကြားရမည်။

(ခ) လောင်းကစားသည့်နေရာတွင်တွေ့ရှိသည့် လောင်းကစားခြင်း၌ ပါဝင်သူများကို ဖမ်းဆီးပြီး ၎င်းတို့၏အမည်၊ မှတ်ပုံတင်အမှတ်၊ အဖအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာတို့ကို ရေးမှတ်ရမည် သို့မဟုတ် ရေးမှတ်စေရမည်။

(ဂ) လောင်းကစားသည့်နေရာအား ရှာဖွေခြင်း၊ လောင်းကစားကိရိယာ၊ ငွေကြေးနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းနှင့် လောင်းကစားခြင်း၌ ပါဝင်သူများကို ဖမ်းဆီးခြင်းတို့ ဆောင်ရွက်ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၃။ ဖမ်းဆီးခြင်းခံရမည့်သူသည် ဖမ်းဆီးခြင်းမခံရရန် အိမ်၊ အဆောက်အအုံ၊ ကာရံထားသောနေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုအတွင်းသို့ ဝင်ရောက်ထွက်ပြေးပုန်းအောင်းနေသည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် ဖမ်းဆီးသူသည် ထိုအိမ်၊ အဆောက်အအုံ၊ ကာရံထားသောနေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုအတွင်းသို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးနိုင်သည်။ ထိုသို့ဖမ်းဆီးနိုင်ရန် ထိုအိမ်၊ အဆောက်အအုံ၊ ကာရံထားသောနေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုတွင် နေထိုင်သူ သို့မဟုတ် တာဝန်ရှိသူသည် ဖမ်းဆီးသူအား လိုအပ်သည့် အကူအညီများပေးရမည်။

၂၄။ ဖမ်းဆီးရာတွင် ဖမ်းဆီးခြင်းခံရမည့်သူက ဖမ်းဆီးခြင်းမခံလျှင် သို့မဟုတ် အကြမ်းဖက်ခုခံလျှင် သို့မဟုတ် ထွက်ပြေးတိမ်းရှောင်ရန် အားထုတ်လျှင် ဖမ်းဆီးခွင့်ရှိသူ မည်သူမဆို ထိုသူကို ဖမ်းဆီးနိုင်ရန် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။

၂၅။ လောင်းကစားအိမ်တွင် လောင်းကစားကိရိယာတစ်ခုခုကို ကွယ်ဝှက်ထားကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင် အဆိုပါ လောင်းကစားအိမ်နေရာအနှံ့အပြားကို ရှာဖွေနိုင်သည်။ ထိုသို့ ရှာဖွေရာတွင် လောင်းကစားအိမ်ရှင်နှင့် သက်သေများရှေ့တွင် ရှာဖွေရမည်။ ရှာဖွေတွေ့ရှိသော လောင်းကစားကိရိယာကို ရှာဖွေပုံစံ (ပုံစံ-ခ) ဖြင့် သိမ်းဆည်း၍ ထိုရှာဖွေပုံစံတွင် သိမ်းဆည်းသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည့်အပြင် လောင်းကစားအိမ်ရှင်ကိုပါ လက်မှတ်ရေးထိုးစေပြီး ရှာဖွေပုံစံမိတ္တူကို လောင်းကစားအိမ်ရှင်က တောင်းခံလျှင် ပေးရမည်။ ရှာဖွေပုံစံတွင် လောင်းကစားကိရိယာတွေ့ရှိသည့် နေရာကို တိကျစွာဖော်ပြ၍ ရေးသွင်းရမည်။

အခန်း(၇)

ကာစီနိုအတွင်း ဝင်ရောက်ကစားသည့် မြန်မာနိုင်ငံသားအား ဖမ်းဆီးခြင်း

၂၆။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲစခန်းမှူးသည် ခွင့်ပြုချက်ဖြင့် ဖွင့်ထားသော ကာစီနိုအတွင်း မြန်မာနိုင်ငံသား တစ်ဦးဦး ဝင်ရောက်ကစားနေကြောင်း သတင်းရရှိလျှင် ကိုယ်တိုင် ဝင်ရောက်ဖမ်းဆီးနိုင်သည်။

၂၇။ မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးအား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသော ရဲအရာရှိသည် ခွင့်ပြုချက်ဖြင့် ဖွင့်ထားသော ကာစီနိုအတွင်း မြန်မာနိုင်ငံသားတစ်ဦးဦး ဝင်ရောက်ကစားနေကြောင်း သတင်းရရှိပါက ဒုတိယရဲအုပ်အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ဝရမ်း [ပုံစံ-က(၁)] ထုတ်ပေး၍ ထိုဝင်ရောက်ကစားသူ မြန်မာနိုင်ငံသားကို ဖမ်းဆီးစေနိုင်သည်။

၂၈။ (က) အပိုဒ် ၂၆ နှင့် အပိုဒ် ၂၇ အရ ဖမ်းဆီးသူသည် ခွင့်ပြုချက်ဖြင့် ဖွင့်ထားသော ကာစီနိုအတွင်း ဝင်ရောက်သည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) အနည်းဆုံးသက်သေနှစ်ဦး ပါရှိရမည်။

(၂) ရှာဖွေပုံစံပါရှိရမည်။

(၃) ကာစီနို၌ တာဝန်ရှိသူတစ်ဦးဦးကို မိမိ၏အခွင့်အာဏာကိုပြောပြ၍ မည်သည့်အတွက်လာကြောင်း ပြောကာ ဝင်ခွင့်တောင်းခံရမည်။

(၄) ကာစီနိုအတွင်း လောင်းကစားရန် ရောက်ရှိနေသည့် သို့မဟုတ် လောင်းကစားနေသည့် မြန်မာနိုင်ငံသားကို ဖမ်းဆီးပြီး ၎င်း၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အဖအမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာတို့ကို မေးမြန်း၍ ရေးမှတ်ရမည်။

(၅) ကာစီနို၌ ကစားရာတွင် မြန်မာနိုင်ငံသား အသုံးပြုသည့် လောင်းကစားကိရိယာများနှင့် ငွေကြေးပစ္စည်းများကို ရှာဖွေပုံစံ (ပုံစံ-ခ) ဖြင့် မိမိကိုယ်တိုင် လက်မှတ်ရေးထိုးသိမ်းဆည်းပြီး သိမ်းဆည်းခြင်းခံရသူနှင့် အနည်းဆုံးသက်သေ ၂ ဦးအား လက်မှတ်ရေးထိုးစေရမည်။

(၆) ဖမ်းဆီးခံရသူ၏ ကိုယ်ပေါ်၌ရှာဖွေ၍ တွေ့ရှိသော လောင်းကစားကိရိယာများ၊ ငွေကြေးနှင့် ပစ္စည်းများကို ရှာဖွေပုံစံ (ပုံစံ-ခ) ဖြင့် မိမိကိုယ်တိုင် လက်မှတ်ရေးထိုးသိမ်းဆည်းပြီး သိမ်းဆည်းခြင်းခံရသူနှင့် အနည်းဆုံး သက်သေ ၂ ဦးအား လက်မှတ်ရေးထိုးစေရမည်။ ဖမ်းဆီးခံရသူသည် အမျိုးသမီးဖြစ်က အမျိုးသမီးချင်း ရှာဖွေရမည်။

(၇) အပိုဒ်ခွဲငယ် (၅)နှင့်(၆)အရ သိမ်းဆည်းသော ရှာဖွေပုံစံမိတ္တူကို သိမ်းဆည်းခြင်းခံရသူက တောင်းခံလျှင် ပေးရမည်။

(၈) ဖမ်းဆီးခံရသည့်သူသည် ထွက်ပြေးတိမ်းရှောင်ရန် သို့မဟုတ် အကြမ်းဖက်ခုခံရန် အားထုတ်လျှင် ၎င်းအား ဖမ်းဆီးရမိရေးအတွက် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

(၉) ဖမ်းဆီးရမိသူများကို ဥပဒေအရ အမှုဖွင့်အရေးယူရန် သက်သေခံပစ္စည်းများ၊ တိုင်စာနှင့်အတူ သက်ဆိုင်ရာ ရဲစခန်းသို့ ချက်ချင်းအပ်နှံရမည်။ သို့ရာတွင် သယ်ယူရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ပိုင်ရှင်အား ယာယီပြန်လည်အပ်နှံခြင်း ကတိခံဝန်ချုပ် (ပုံစံ-ဃ) ဖြင့် ပေးအပ်ထားနိုင်သည်။

(ခ) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၃) အရဝင်ခွင့်တောင်းသည့်အခါ ကာစီနိုတာဝန်ခံ သို့မဟုတ် တာဝန်ရှိသူက ဝင်ရောက်ခွင့်ပြုရမည်။

(ဂ) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၉) အရ အပ်နှံခြင်းကို လက်ခံရရှိသည့် ရဲစခန်းသည် ပထမသတင်းပေးတိုင်ချက်ရေးဖွင့်၍ ဆက်လက်ဆောင်ရွက်ရမည်။

၂၉။ အပိုဒ် ၂၆ အရ ဖမ်းဆီးသူသည် မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်ပါက ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်ပါက ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ လည်းကောင်း၊ စခန်းမှူးဖြစ်ပါက မြို့နယ်ရဲတပ်ဖွဲ့မှူး ထံသို့လည်းကောင်း ပထမသတင်းပေးတိုင်ချက် ရေးဖွင့်ပြီး ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။

၃၀။ (က) ဝရမ်းနှင့်စပ်လျဉ်းပြီး တာဝန်ပေးအပ်ခြင်းခံရသူသည်-

(၁) ကာစီနိုအတွင်းဝင်ရောက်ကစားသူမြန်မာနိုင်ငံသားကို ဖမ်းဆီးရမိပါက လောင်းကစားဝရမ်းအတည်ဖြစ်ကြောင်း အစီရင်ခံစာ (ပုံစံ-ဂ) ဖြင့် ဝရမ်းထုတ်ပေးသူထံ ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။

(ဆက်လက်ဖော်ပြပါမည်)

သမ္မတတစ်ဦးရဲ့ဂုဏ်သိက္ခာ နိုင်ငံတစ်နိုင်ငံရဲ့ကျင့်ဝတ်စံနှုန်းနဲ့အညီ ညီညွတ်မျှတပါစေ တီမောလက်စ်တေ

— — — *ဇာနည်ဘွား* — — —

❖ **ရာမို့စ်ဟော်တာရဲ့ပြောကြားမှုက နိုင်ငံတစ်နိုင်ငံရဲ့သမ္မတတစ်ဦးအနေနဲ့ ကျင့်ဝတ်သိက္ခာမဲ့လွန်းလှပါတယ်။ ဒ့ါအပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ်တောင်မရောက်သေးဘဲ လေ့လာသူအဆင့်မှာတင် အာဆီယံရဲ့အခြေခံမူတွေနဲ့ ပဋိညာဉ်တွေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့ခြင်းလည်း ဖြစ်ပါတယ်**

❖ **အာဆီယံတင်းပြည့်အဖွဲ့ဝင်နိုင်ငံတွေကြားမှာတောင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံရဲ့လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနဲ့ အမျိုးသားရေးလက္ခဏာများအပေါ် အပြန်အလှန်လေးစားရန်၊ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တခြားနိုင်ငံများမှ ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် စတဲ့လိုက်နာရမယ့် အာဆီယံရဲ့အခြေခံမူတွေ၊ ပဋိညာဉ်စာတမ်းတွေရှိတယ်ဆိုတာကို သမ္မတရာမို့စ်ဟော်တာက မသိတာဘဲလား၊ သိလျက်နဲ့ တမင်ဂရုမစိုက်ခြင်းလားလို့ မေးခွန်းထုတ်စရာဖြစ်ရပါတယ်**

မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးကာလမှ ယနေ့မျက်မှောက်ကာလတိုင် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို လက်တွေ့ အကောင်အထည်ဖော် လိုက်နာကျင့်သုံးနေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနဲ့ဆက်ဆံရာမှာလည်း တစ်နိုင်ငံ၏ ပိုင်နက်နယ်မြေနဲ့ အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားရန် (Respect for each other's sovereignty and territorial integrity)၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်(Non–interference in each other's internal affairs)၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှုမပြုရန် (Non–aggression) စတဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ချက် (Five principles of peaceful co–existence) နဲ့အညီ လက်တွေ့ဆက်ဆံကျင့်သုံးနေတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံရဲ့ နယ်နိမိတ်ပိုင်ဆိုင်မှုကို မြန်မာနိုင်ငံက မည်သည့်အခါကမျှ မထိပါးခဲ့

ခေတ်အဆက်ဆက် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံရဲ့ နယ်နိမိတ်ပိုင်ဆိုင်မှုကို မြန်မာနိုင်ငံက မည်သည့်အခါကမျှ မထိပါးခဲ့သလို ထိုနိုင်ငံရဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုလည်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မည်သည့်အခါကမျှ ထိခိုက်နစ်နာအောင် ပြုမူခဲ့ခြင်းမရှိပါဘူး။ တစ်ပါးနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိခိုက်စေမယ့် လုပ်ငန်းရပ်များကိုလည်း ထောက်ခံအားပေးခြင်း မပြုလုပ်ခဲ့ပါဘူး။

ဒ့ါအပြင် အတိတ်ကာလမှာ နိုင်ငံတစ်နိုင်ငံ၊ အုပ်စုတစ်စုရဲ့ဩဇာခံ၊ ခြယ်လှယ်ခံအဖြစ် မည်သည့်အခါကမျှမတည်ရှိခဲ့ဘဲ ဩဇာလွှမ်းမိုးခြင်းကင်းသော လွတ်လပ်တဲ့ကြားနေရေးဝါဒကို ခိုင်မာစွာ စွဲကိုင်ထားမှုကြောင့် ကမ္ဘာကအသိအမှတ်ပြုခဲ့ခြင်း ခံခဲ့ရပါတယ်။ တကယ်တမ်းစစ်မှန်သော ကမ္ဘာ့ကြားနေနိုင်ငံများမှာ မြန်မာနိုင်ငံနဲ့ ဆွစ်ဇာလန်နိုင်ငံတို့သာ ရှိတယ်လို့လည်း မှတ်ကျောက်တင်လေးစားခြင်း ခံခဲ့ရပါတယ်။

မျက်မှောက်ကာလမှာလည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ၊ ဒေသတွင်းအာဆီယံအဖွဲ့ဝင် တစ်နိုင်ငံပီပီ ကုလသမဂ္ဂပဋိညာဉ်၊ အာဆီယံပဋိညာဉ်ပါမူများ၊ ရည်မှန်းချက်များနဲ့အညီ လက်တွေ့လိုက်နာကျင့်သုံးခဲ့တဲ့အတွက် ကမ္ဘာ့နိုင်ငံများရဲ့အလယ်မှာ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေတဲ့နိုင်ငံဖြစ်ပါတယ်။

ဗီဒီယိုမိန့်ခွန်းကတစ်ဆင့် မြန်မာ့ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်းစွက်ဖက်

ဒါပေမယ့် ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၈ ရက်နေ့မှာတော့ တီမောလက်စ်တေနိုင်ငံသမ္မတ ဂျိုဆေးရာမို့စ်ဟော်တာက ဗီဒီယိုမိန့်ခွန်းကတစ်ဆင့် မြန်မာ့ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်လာခဲ့ပါတယ်။

ရာမို့စ်ဟော်တာက မြန်မာ့တပ်မတော်သားတွေကို ရည်ရွယ်ပြီး "ကြည်းတပ်၊ လေတပ်၊ ရေတပ်၊ ရဲတပ်ဖွဲ့ထဲမှာ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့သင်တို့ကို ပြောချင်တာက သင်တို့ရဲ့လက်နက်တွေကို ပြည်သူတွေဆီ မချိန်ထားပါနဲ့။ သူတို့ဟာ သင်တို့ရဲ့ ပြည်သူတွေပါ။ မြန်မာနိုင်ငံဟာ တခြားနိုင်ငံတစ်ခုက ကျူးကျော်ခံရတာမဟုတ်ပါဘူး" လို့ ပြောကြားသွားပါတယ်။ ဒ့ါအပြင် ပြည်သူတွေထဲက မွေးဖွားလာတဲ့ တပ်မတော်သားတွေအနေနဲ့ စစ်ကောင်စီလက်အောက်ကနေ ထွက်ခွာပြီး ပြည်သူတွေကို အကာအကွယ်ပေးရင်း သမိုင်းသစ်စိုက်ထူကြဖို့၊ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း အာရုံစိုက်ပြီး ပိတ်ဆို့အရေးယူဖို့ တိုက်တွန်းတောင်းဆိုသွားပါတယ်။

အာဆီယံပဋိညာဉ်တွေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်

ရာမို့စ်ဟော်တာရဲ့ ပြောကြားမှုက နိုင်ငံတစ်နိုင်ငံရဲ့သမ္မတတစ်ဦးအနေနဲ့ ကျင့်ဝတ်သိက္ခာမဲ့လွန်းလှပါတယ်။ ဒ့ါအပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ်တောင်မရောက်သေးဘဲ လေ့လာသူအဆင့်မှာတင် အာဆီယံရဲ့ အခြေခံမူတွေနဲ့ ပဋိညာဉ်တွေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

အာဆီယံတင်းပြည့်အဖွဲ့ဝင်နိုင်ငံတွေကြားမှာတောင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံရဲ့လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနဲ့ အမျိုးသားရေးလက္ခဏာများအပေါ် အပြန်အလှန်လေးစားရန်၊ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တခြားနိုင်ငံများမှ ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် စတဲ့လိုက်နာရမယ့် အာဆီယံရဲ့ အခြေခံမူတွေ၊ ပဋိညာဉ်စာတမ်းတွေ ရှိတယ်ဆိုတာကို သမ္မတရာမို့စ်ဟော်တာက မသိတာဘဲလား၊ သိလျက်နဲ့ တမင်ဂရုမစိုက်ခြင်းလားလို့ မေးခွန်းထုတ်စရာ ဖြစ်ရပါတယ်။

တကယ်တော့ အင်ဒိုနီးရှားလက်အောက်ကခွဲထွက်ပြီး ၂၀၀၂ ခုနှစ်ကမှ ကုလသမဂ္ဂကလွတ်လပ်တဲ့နိုင်ငံအဖြစ် တရားဝင်အသိအမှတ်ပြုခဲ့တဲ့ အရှေ့တီမောဆိုတဲ့ တီမောလက်စ်တေနိုင်ငံငယ်လေးအနေနဲ့ နိုင်ငံတကာဆက်ဆံရေး သံခင်းတမန်ခင်းကဏ္ဍမှာ သမိုင်းအစဉ်အလာကြီးမားခဲ့တဲ့၊ နိုင်ငံအများစုရဲ့လေးစားခြင်းခံရတဲ့ မြန်မာနိုင်ငံကို ထိပ်ပုတ်ခေါင်းပုတ်စော်ကားခဲ့တာများပါပြီ။

တီမောလက်စ်တေအစိုးရရဲ့ လုပ်ဆောင်ချက်အပေါ် ကန့်ကွက်ကြောင်း သတိထောက်လွှာပေးအပ်

ဒီမိုကရေစီအရေးကို အကြောင်းပြပြီး ပြီးခဲ့တဲ့ ဇူလိုင် ၁ ရက်မှာ တီမောလက်စ်တေနိုင်ငံမှာ ကျင်းပခဲ့တဲ့ တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံရဲ့ (၉)ကြိမ်မြောက် အစိုးရအဖွဲ့ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားမှာ မြန်မာနိုင်ငံက အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားတဲ့ NUG ကိုယ်စားလှယ်တွေကို ဖိတ်ကြားတက်ရောက်စေခဲ့ပြီး သမ္မတက လက်ခံတွေ့ဆုံခဲ့တဲ့အတွက် တီမောလက်စ်တေသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Avelino Fernandes Ximenes Pereira ကို ဇူလိုင် ၅ ရက်မှာ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနကို ဖိတ်ခေါ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးက တီမောလက်စ်တေအစိုးရရဲ့ လုပ်ဆောင်ချက်အပေါ် ကန့်ကွက်ကြောင်းနဲ့ ယင်းသို့တွေ့ဆုံမှုမျိုး နောင်တွင် မပြုလုပ်ရေး တိုက်တွန်းပြောကြားပြီး ကန့်ကွက်တဲ့ သတိထောက်လွှာကို ပေးအပ်ခဲ့ပါတယ်။

သတိထောက်လွှာမှာ အကြမ်းဖက်အဖွဲ့အစည်းဖြစ်တဲ့ NUG ကို တီမောလက်စ်တေအစိုးရက ဖိတ်ကြားခဲ့မှုဟာ မြန်မာနိုင်ငံအတွင်း ၎င်းအဖွဲ့အစည်းမှ ကျူးလွန်ဆောင်ရွက်နေတဲ့ အကြမ်းဖက်လုပ်ရပ်များအား အားပေးအားမြှောက် ပြုလုပ်ရာရောက်ကြောင်းနဲ့ မြန်မာနိုင်ငံရဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာစာချုပ်တွေကို ဖောက်ဖျက်ရာလည်းရောက်ကြောင်း ဖော်ပြပါရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာဆက်ဆံရေးမှာ မြန်မာ့ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာနဲ့အညီ "ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေ" ဆိုတဲ့သဘောအတိုင်း တီမောလက်စ်တေနိုင်ငံအစိုးရကို သတိထောက်လွှာအဆင့်သာပေးအပ်ခဲ့မှုအပေါ် အချို့သော ဝါရင့်သံတမန်ဟောင်းကြီးများက သံတမန်ရေးရာပြောဆိုတဲ့နေရာမှ အဆင့်(၅)ဆင့်ရှိတဲ့အနက် သတိထောက်လွှာဟာ ဒုတိယအဆင့်လောက်ပဲ ရှိကြောင်း၊ သတိထောက်လွှာအပြင် သတိပေးချက်ထုတ်ပြန်ခြင်း၊ သံရုံးအဆင့်လျှော့ချခြင်း၊ သံတမန်ဆက်သွယ်မှုဖြတ်တောက်ခြင်းများလည်း ပြုလုပ်နိုင်ကြောင်း မှတ်ချက်ပြုပြောဆိုခဲ့ကြပါတယ်။

ဒါပေမယ့် တီမောလက်စ်တေအစိုးရဟာ မြန်မာနိုင်ငံက သတိပေးပြောဆိုမှုတွေ ဆက်တိုက်ပြုလုပ်နေတဲ့ကြားက NUG နဲ့ ထိတွေ့ဆက်ဆံမှုတွေ ပြုလုပ်နေရုံမက မြန်မာ့ပြည်တွင်းရေးကို ပေါ်ပေါ်တင်တင် ဝင်ရောက်စွက်ဖက်နှောင့်ယှက်မှုများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတောင် မဖြစ်သေးဘဲ အာဆီယံမှာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး မဟုတ်မမှန်သတင်းများ အမြဲတစေ ထုတ်လွှင့်အပုပ်ချနေမှုများကြောင့် နိုင်ငံတော်အစိုးရက တီမောလက်စ်တေ သံရုံးယာယီတာဝန်ခံကို ပြီးခဲ့တဲ့စက်တင်ဘာ ၁ ရက်မတိုင်ခင် မြန်မာနိုင်ငံက ထွက်ခွာဖို့ ဩဂုတ်လ ၂၇ ရက်နေ့မှာ အမိန့်ထုတ်ပြန်ခဲ့ရပါတယ်။

တကယ်တော့ သံတမန်အဖွဲ့အစည်းဆိုတာ နိုင်ငံအချင်းချင်းဆက်ဆံရာမှာ အစဉ်ချောမွေ့ပြေပြစ်စေရန်အတွက် သက်ဆိုင်ရာနိုင်ငံများမှ နိုင်ငံ့ကိုယ်စား တာဝန်ပေး စေလွှတ်ထားတဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါတယ်။

သံတမန်များကို နိုင်ငံခေါင်းဆောင်အားကိုယ်စားပြုစေလွှတ်သော သံအမတ်ကြီး (Ambassadors)၊ အထူးအာဏာကုန်လွှဲအပ်ထားသော သံတမန်များ(Minister Plenipotentiary & Envoy Extraordinary)၊ သံအမတ်များ (Minister Resident) နဲ့ နိုင်ငံခြားရေးသံရုံးမှ တာဝန်ပေး စေလွှတ်သောသံမှူးများ(Charge d' Affaires) ဆိုပြီး ခွဲခြားထားလေ့ရှိပါတယ်။ သံတမန်အဖွဲ့အစည်းများအတွင်းမှ ဝါအရင့်ဆုံးပုဂ္ဂိုလ်ကိုလည်း ခေါင်းဆောင်(Doyen)အဖြစ် သတ်မှတ်လေ့ရှိပါတယ်။

သံတမန်တစ်ဦးဟာ လက်ခံတဲ့နိုင်ငံရဲ့တည်ဆဲဥပဒေဘောင်များအတွင်းကသာ သံတမန်ရေးရာကိစ္စရပ်များ ဆောင်ရွက်ရမှာဖြစ်

သံတမန်တွေဟာ နိုင်ငံတစ်နိုင်ငံကို ကိုယ်စားပြုလာရောက်ရတဲ့ ပုဂ္ဂိုလ်များဖြစ်တာနဲ့အညီ သူတို့ရဲ့တာဝန်တွေကို ပြည့်ဝစွာ ထမ်းဆောင်နိုင်ဖို့အတွက် လက်ခံတဲ့နိုင်ငံက သံတမန်ဆိုင်ရာကင်းလွတ်ခွင့်များ(Diplomatic Immunity)လည်း ပေးထားရပါတယ်။

စာမျက်နှာ ၁၇ သို့

" ၁၆ ရာစုအတွင်းက ပေါ်တူဂီတို့ရဲ့ ကိုလိုနီပြုမှုကို ခံရပြီး ၁၉၇၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ အင်ဒိုနီးရှားလက်အောက်မှာ အင်ဒိုနီးရှားစစ်တပ်နဲ့ တီမောနယ်မြေခွဲထွက်ရေးအုပ်စုများကြား ကာလကြာရှည် ပဋိပက္ခများကြောင့် လူနေမှုအဆင့်အတန်း နိမ့်ကျလာရာကနေ ဩစတြေးလျနိုင်ငံရဲ့ ထောက်ခံမှု၊ ကုလသမဂ္ဂရဲ့စေ့စပ်မှုအရ ၂၀၀၂ ခုနှစ် မေလ ၂၀ ရက်နေ့မှာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွက်လာတဲ့ တစ်ချိန်ကအရှေ့တီမောလို့ခေါ်တဲ့ တီမောလက်စ်တေနိုင်ငံငယ်လေးအနေနဲ့ ကမ္ဘာ့နိုင်ငံတွေနဲ့ ဒေသတွင်းနိုင်ငံတွေကြားမှာ မိတ်ဝတ်မပျက်ဆက်ဆံရေးကို ထူထောင်နိုင်ဖို့ဆိုရင် နိုင်ငံတကာဆက်ဆံရေးနဲ့ သံခင်းတမန်ခင်းကဏ္ဍမှာ နိုင်ငံတိုင်းလေးစားလိုက်နာရမယ့် ကျင့်ဝတ်စံနှုန်းတွေကို လေ့လာသင်ယူဖို့၊ သင်ယူပြီးရင်လည်း မမေ့မလျော့နဲ့ လေးစားလိုက်နာဖို့ သတိပေးစကားဆိုပါရစေ "

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်၍ စွမ်းအင်ဖူလုံရေးနှင့် သဘာဝဓာတ်ငွေ့ရည်၏အခန်းကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

နိုင်ငံတော်၏ စွမ်းအင်ဖူလုံစေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသော စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်၊ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas – LNG) အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ကျယ်ပြန့်စွာ သိရှိနားလည်နိုင်စေရန်နှင့် LNG ကို အကျိုးရှိစွာအသုံးချခြင်းဖြင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်လာစေရန်ကို ရည်ရွယ်ကာ စွမ်းအင်ဖူလုံရေးနှင့် သဘာဝဓာတ်ငွေ့ရည်၏အခန်းကဏ္ဍ (Energy Security and The Role of Liquefied Natural Gas – LNG) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)ရှိ ရတနာခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဆွေးနွေးပြောကြားစဉ်။

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာန/ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြင်ပပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ဖူလုံရေး (Energy Security) သည် အရေးကြီးပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ ချမှတ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိမိမိတို့နိုင်ငံတွင် သဘာဝဓာတ်ငွေ့၊ ရေအား၊ ကျောက်မီးသွေး၊ နေရောင်ခြည်နှင့် ဇီဝလောင်စာတို့ကိုအသုံးပြုနေကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတွင် အဓိကစွမ်းအင်အရင်းအမြစ်ဖြစ်သည့် သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အစားထိုးသုံးစွဲရန်နည်းလမ်းများ စဉ်းစားရန်လိုအပ်ကြောင်း၊ သဘာဝဓာတ်ငွေ့ရည် (LNG)ကို Energy Mix အနေဖြင့် အချိုးအစားတစ်ခု ရောစပ်အသုံးပြုခြင်းဖြင့် မိမိတို့နိုင်ငံ၏ စွမ်းအင်လုံခြုံမှုကို အထောက်အကူပြုနိုင်မည့်အခြေအနေများကို တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးမြှင့်စေရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်လာစေရေးအတွက် အားပေးအားမြှောက်ပြုလျက်ရှိရာ အနာဂတ်ကာလတွင် မြန်မာနိုင်ငံ၏ သဘာဝဓာတ်ငွေ့ လိုအပ်ချက်မှာ အရှိန်အဟုန်ဖြင့် တိုးမြှင့်လာမည်ဖြစ်သဖြင့် သဘာဝဓာတ်ငွေ့ရည်(LNG)သည် နိုင်ငံတော်၏ သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို အချိန်တိုအတွင်း ဖြည့်ဆည်းရန် အရေးပါသည့်အခန်းကဏ္ဍအဖြစ် ရောက်ရှိလာမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် လိုအပ်သည့်မူဝါဒများ၊ အခြေခံအဆောက်အဦများ လုပ်ငန်းအစီအမံများကြိုတင်ပြင်ဆင်ချမှတ်နိုင်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပညာရှင်များက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သော LNG ကို တင်သွင်းအသုံးပြုရာတွင် လိုက်နာရမည့် Standard Code များ သတ်မှတ်သင့်သည့်အခြေအနေ၊ အနာဂတ် LNG demand & Supply အခြေအနေ LNG တင်သွင်းနိုင်ရေး ဖြစ်နိုင်ခြေနှင့်ပတ်သက်၍ GDP နှင့် စွမ်းအင်သုံးစွဲမှုချိတ်ဆက်မှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြေခံအဆောက်အဦများ (Infrastructure) လိုအပ်မှုအခြေအနေ၊ ကမ္ဘာ LNG ဈေးနှုန်းနှင့် ဈေးကွက်အခြေအနေ၊ ဒေသတွင်း LNG ဈေးကွက်အခြေအနေ၊ မြန်မာနိုင်ငံတွင် LNG တင်သွင်းပါက Market Rule နှင့် Price Mechanism သတ်မှတ်ရန် လိုအပ်မှုအခြေအနေ၊ မိမိတို့နိုင်ငံအတွင်း LNG Infrastructure များ တည်ဆောက်ထားရှိမှုအခြေအနေ၊ LNG မှ Cold Energy (အအေးစွမ်းအင်)ကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်မှုအခြေအနေ၊ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်မှုနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် အခြေအနေ၊ မော်တော်ယာဉ်သုံးဖိအားမြှင့် သဘာဝဓာတ်ငွေ့ (Compressed Natural Gas – CNG) များတိုးမြှင့်သုံးစွဲနိုင်ရန် အထောက်အကူပြုမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ အနာဂတ်စွမ်းအင်စီမံခန့်ခွဲမှုတွင် LNG ကဏ္ဍ၏ အရေးပါနိုင်မည့်အခြေအနေများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပညာရှင်က LNG သုံးစွဲခြင်းကြောင့် ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်မှုအခြေအနေ၊ အကျိုးအပြစ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များနှင့် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အနာဂတ်မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် သဘာဝဓာတ်ငွေ့ရည်(LNG) တင်သွင်းအသုံးပြုခြင်းသည် အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်လာမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ LNG နှင့်ပတ်သက်သည့် နည်းပညာနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနများအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ လေ့လာထားရန်လိုပါကြောင်း၊ ဆက်စပ်လုပ်ကိုင်ရမည့်ဌာနများနှင့်လည်း စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ပထဝီအနေအထားကို အသုံးချ၍ စွမ်းအင်ဆိုင်ရာ ရေရှည်အစီအမံများ ချမှတ်သွားရမည်ဖြစ်ကြောင်း မှာကြားပြီး တက်ရောက်ဆွေးနွေးသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၂၂)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်

အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၁၅

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

စာမျက်နှာ ၁၆ မှ

ဒါပေမယ့် သံတမန်တစ်ဦးဟာ မိမိကြိုက်နှစ်သက်သလိုပြုမူနိုင်တဲ့ အခွင့်အရေးရှိတယ်လို့ ယူဆလို့ မရပါဘူး။ လက်ခံတဲ့ နိုင်ငံရဲ့ တည်ဆဲဥပဒေဘောင်များအတွင်းကသာ မိမိရဲ့ သံတမန်ရေးရာကိစ္စရပ်များကို ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

လက်သင့်ခံထားတဲ့နိုင်ငံရဲ့ ပြည်တွင်းအေးချမ်းတည်ငြိမ်မှုကို နှောင့်ယှက်ချိုးဖောက်လာပါက မလိုလားအပ်သော သံတမန်တစ်ဦး (Persona non grata) အဖြစ် သတ်မှတ်ပြီး သူ့ကို ပြန်လည်စေလွှတ်ခြင်း၊ စေလွှတ်ထားတဲ့နိုင်ငံမှ ပြန်လည်ခေါ်ယူစေရန် (Recall) တောင်းဆိုခြင်းတွေ ဆောင်ရွက်ခွင့်ရှိပါတယ်။ လက်သင့်ခံတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အရေးအခင်းတွေကို ထိခိုက်အောင်ဆောင်ရွက်ခဲ့တဲ့အတွက် ပြန်လည်စေလွှတ်သော၊ သို့မဟုတ် ပြန်လည်ခေါ်ယူရန်တောင်းဆိုခဲ့သော ဖြစ်စဉ်များဟာ သံတမန်များ သမိုင်းတစ်လျှောက်မှာ များစွာရှိခဲ့ပါတယ်။ သံတမန်တွေဟာ မိမိကို လက်ခံထားတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေးရာကိစ္စရပ်တွေမှာ ဝင်ရောက်စွက်ဖက်နှောင့်ယှက်မှု မပြုလုပ်ရဆိုတဲ့အချက်ကို ကမ္ဘာတစ်ဝန်းလုံးက အသိအမှတ်ပြုထားကြပါတယ်။

သံတမန်တစ်ဦးတစ်ယောက်မှာတောင် လိုက်နာရမယ့် သံတမန်ရေးဆိုင်ရာ ကျင့်ဝတ်တွေရှိတယ်ဆိုရင် နိုင်ငံခေါင်းဆောင်များအဖို့ နိုင်ငံတကာဆက်ဆံရေးကဏ္ဍမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အပြန်အလှန်လေးစားရေး၊ ပြည်တွင်းရေးအပေါ် ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်းမပြုရေးဆိုတဲ့ နိုင်ငံတကာကျင့်ဝတ်တွေကို လေးစားလိုက်နာဖို့ လိုအပ်တာပေါ့။

နိုင်ငံ့ခေါင်းဆောင်သမ္မတတစ်ဦးရဲ့ ဂုဏ်သိက္ခာနဲ့ မလျော်ညီတဲ့ ပြုမူပြောဆိုမှု

တီမောလက်စ်တေသမ္မတ ရာမို့စ်ဟော်တာရဲ့ ယခုမြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြုမူပြောဆိုမှုတွေကတော့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံရဲ့ လိုက်နာရမယ့် ကျင့်ဝတ်စံနှုန်းတွေ၊ ဒေသတွင်းအာဆီယံနိုင်ငံများကြားမှာ လိုက်နာရမယ့် အခြေခံမူတွေ၊ ပဋိညာဉ်စာတမ်းတွေကို ဘေးချိတ်ပြီး နိုင်ငံ့ခေါင်းဆောင်သမ္မတတစ်ဦးရဲ့ ဂုဏ်သိက္ခာနဲ့ မလျော်ညီတဲ့ ပြုမူပြောဆိုမှုတွေပဲလို့ဆိုရမှာ ဖြစ်ပါတယ်။

၁၆ ရာစုအတွင်းက ပေါ်တူဂီတို့ရဲ့ ကိုလိုနီပြုမှုကို ခံရပြီး ၁၉၇၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ အင်ဒိုနီးရှားလက်အောက်မှာ အင်ဒိုနီးရှားစစ်တပ်နဲ့ တီမောနယ်မြေခွဲထွက်ရေးအုပ်စုများကြား ကာလကြာရှည်ပဋိပက္ခများကြောင့် လူနေမှုအဆင့်အတန်းနိမ့်ကျလာရာကနေ ဩစတြေးလျနိုင်ငံရဲ့ ထောက်ခံမှု၊ ကုလသမဂ္ဂရဲ့စေ့စပ်မှုအရ ၂၀၀၂ ခုနှစ် မေလ ၂၀ ရက်နေ့မှာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ်ပေါ်ထွက်လာတဲ့ တစ်ချိန်က အရှေ့တီမောလို့ခေါ်တဲ့ တီမောလက်စ်တေနိုင်ငံငယ်လေးအနေနဲ့ ကမ္ဘာ့နိုင်ငံတွေနဲ့ ဒေသတွင်းနိုင်ငံတွေကြားမှာ မိတ်ဝတ်မပျက်ဆက်ဆံရေးကို ထူထောင်နိုင်ဖို့ဆိုရင် နိုင်ငံတကာဆက်ဆံရေးနဲ့ သံခင်းတမန်ခင်းကဏ္ဍမှာ နိုင်ငံတိုင်းလေးစားလိုက်နာရမယ့် ကျင့်ဝတ်စံနှုန်းတွေကို လေ့လာသင်ယူဖို့၊ သင်ယူပြီးရင်လည်း မမေ့မလျော့နဲ့ လေးစားလိုက်နာဖို့ သတိပေးစကားဆိုပါရစေ။ ။

ရွှေတိဂုံစေတီတော်မြတ်ကြီး၌ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ Belt and Road (၁၀)နှစ်ပြည့်အထိမ်းအမှတ် ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်း(ရန်ကုန်)မှ ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ Belt and Road(၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးတစ်သောင်း ထွန်းညှိပူဇော် ဆုတောင်းပွဲအခမ်းအနားကို ယနေ့ညနေ ၅နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်အရှေ့ဘက်ရှိ ရေကြည်တော် ဝတ်အသင်း တန်ဆောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် တက်ရောက်အားပေးသည်။

အခမ်းအနားတွင် မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဒေါ်အေးသဥ္ဇာသူ၊ အပြည်ပြည်ဆိုင်ရာ Belt and Road ဥက္ကဋ္ဌ Mr. Chen Entian၊ မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်း အထွေထွေအတွင်းရေးမှူး ဦးသန်းထွန်းစိုးတို့က ဆုတောင်းမေတ္တာပို့သစကား ပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးတစ်သောင်းကို စေတီတော်ရင်ပြင်ပတ်လည်ရှိ ဆီမီးခုံများ၌ ထွန်းညှိပူဇော်ဆက်ကပ်လှူဒါန်းကြပြီး (ယာပုံ) ဆုတောင်းမေတ္တာပို့သကြသည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့(International Day Of the Belt and Road) နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် သက်ဆိုင်သည့်နိုင်ငံများတွင် နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ ယနေ့ ရွှေတိဂုံစေတီတော်မြတ်ကြီးရင်ပြင်တော်၌ ဆီမီးတစ်သောင်း ထွန်းညှိပူဇော် ဆုတောင်းပွဲသည် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ Belt and Road (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံ အေးချမ်းသာယာဖွံ့ဖြိုး တိုးတက်ရေးနှင့် ကမ္ဘာတစ်ဝန်း အေးချမ်းသာယာရေးအတွက် လည်းကောင်း ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမောင်မောင်သန်း၊ အကယ်ဒမီဒါရိုက်တာ ပန်းချီဦးစိုးမိုး၊ မြန်မာနိုင်ငံ ဗုဒ္ဓကလျာဏယုဝအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ဦးဇော်ဦးနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

ကော့မှူးမြို့နယ်၌ မိုးစပါး ဧက ၁၀၇၀၀ ကျော် ရိတ်သိမ်းခြွေလှေ့ပြီးစီး

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေရန်နှင့် ပြည်ပသို့ တင်ပို့နိုင်ရန် ရည်ရွယ်၍ မိုးစပါး ဧက ၈၈၀၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးခဲ့သည့် စပါးသီးနှံများမှာ ရက် ၉၀ မျိုး ဧက ၈၆၅၀၊ သီးထပ်ရင်မျိုး ၂၁၂၆ ဧက၊ ဧယာမျိုး ၉၉၉ ဧက၊ ညော့မထ(အထွက်ကောင်း) မျိုး ၁၉၅ ဧက၊ ငစိန်မျိုး ဧက ၃၃၈၄၀၊ မြီးတုံး မျိုး ၂၁၆၅၅ ဧက၊ ငကျွဲ (တောင်ပျံ) မျိုး ၁၉၈၀၂ ဧက၊ ကောက်ညှင်းမျိုး ၈၁၄ ဧကနှင့် ငစိန်မျိုး ဧက ၃၃၈၄၀ ဖြစ်ကြောင်း သိရသည်။

DOCA (ရန်ကုန်)

နိုင်ငံတကာသတင်း

ဂျပန်၌ ကိုဗစ် - ၁၉ ကူးစက်မှု ဆက်လက်များပြားလာ

တိုကျို ဒီဇင်ဘာ ၁၅

ဂျပန်နိုင်ငံတစ်ဝန်း ကိုဗစ် - ၁၉ ကူးစက်မှုများမှာ တတိယမြောက် သီတင်းပတ်အဖြစ် ဆက်လက်များပြားလျက်ရှိသည်ဟု ဂျပန်ကျန်းမာရေး ဝန်ကြီးဌာနက ပြောသည်။

တစ်နိုင်ငံလုံးအနှံ့ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းပေါင်း ၅၀၀၀ ခန့်တွင် ခုနစ်ရက်တာကာလအတွင်း လူနာပေါင်း ၁၇၃၉၇ ဦး ရှိသည်ဟု သိရသည်။ အဆိုပါ အရေအတွက်မှာ ပြီးခဲ့သည့် သီတင်းပတ်နှင့် နှိုင်းယှဉ်လျှင် ၃၇၉၆ ဦး တိုးလာခြင်း ဖြစ်သည်။ နိုင်ငံအတွင်း ခရိုင် ၄၇ ခုတွင် ပျမ်းမျှအားဖြင့် ကိုဗစ် - ၁၉ ကူးစက်မှုများ တိုးလျက်ရှိသည်။ ဟော်ကိုင်းဒိုးတွင် ကူးစက်မှုအများဆုံးဖြစ်ကာ ယင်းနောက် ယာမာနာရှိ၊ နာဂိုနို၊ ဂီဖုနှင့် အိုက်ချီတို့တွင်လည်း အသီးသီး ကူးစက်မှုများပြားလျက်ရှိသည်။

တစ်ပတ်အတွင်း ကိုဗစ်-၁၉ ကြောင့် ဆေးရုံတက်ရသူ ၁၄၆၈ ဦးရှိပြီး ပြီးခဲ့သည့်သီတင်းပတ်ကနှင့်နှိုင်းယှဉ်လျှင် ၄၄၅ ဦး တိုးလာခြင်းဖြစ်သည်။ ပြည်သူများအနေဖြင့် ကူးစက်မှုကာကွယ်ရေးနည်းလမ်းများကို ကျင့်သုံးကြရန်လည်း အာဏာပိုင်များက တောင်းဆိုထားသည်။ **အင်န်အိတ်ချ်ကေ**

အမေရိကန်ကွန်ဂရက်လွှတ်တော်က ဩစတြေးလျနိုင်ငံသို့ နျူကလီးယားရေငုပ်သင်္ဘောများရောင်းချရန် သဘောတူ

ကင်ဘာရာ ဒီဇင်ဘာ ၁၅

ဩစတြေးလျ - ဗြိတိန်နှင့် အမေရိကန်တို့အကြား အင်ဒို-ပစိဖိတ်ဒေသ သုံးနိုင်ငံလုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်အရ ဩစတြေးလျနိုင်ငံသို့ အမေရိကန်နိုင်ငံထုတ် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ ရောင်းချရေးအတွက် အမေရိကန် အောက်လွှတ်တော် ကိုယ်စားလှယ်သုံးပုံနှစ်ပုံကျော်၏ သဘောတူညီမှုကို ဒီဇင်ဘာ ၁၄ ရက်က ရရှိခဲ့သည်။

၂၀၃၀ ပြည့်နှစ်မတိုင်မီ လွှဲပြောင်းပေးရန်စီစဉ်

ဗာဂျီးနီးယားအတန်းအစား ရေငုပ်သင်္ဘောသုံးစင်းကို ၂၀၃၀ ပြည့်နှစ်မတိုင်မီ လွှဲပြောင်းပေးရန် စီစဉ်ထားပြီး လွန်ခဲ့သည့်နှစ်နှစ်က လက်မှတ်ရေးထိုးခဲ့သော လုံခြုံရေးဆိုင်ရာ သဘောတူညီချက်အရ အမေရိကန်နှင့် ဗြိတိန်တို့၏အကူအညီဖြင့် ရေငုပ်သင်္ဘောအသစ် ရှစ်စင်းကို ဩစတြေးလျက ဝယ်ယူနိုင်ခဲ့သည်။

ထူးထူးခြားခြား အောင်မြင်မှုတစ်ခုဖြစ်

အမေရိကန်ကွန်ဂရက်လွှတ်တော်၏ အတည်ပြုချက်သည် ဩစတြေးလျနိုင်ငံ၏ အမျိုးသားလုံခြုံရေးအတွက် အရေးကြီးသည့် ထူးထူးခြားခြား အောင်မြင်မှုတစ်ခုဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီးစ်က ဒီဇင်ဘာ ၁၅ ရက်ကပြုလုပ်သည့် ရေဒီယိုအင်တာဗျူးတစ်ခုတွင် ပြောသည်။

အဆိုပါ ရေငုပ်သင်္ဘောဝယ်ယူရေး သဘောတူညီချက်သည် ဆယ်စုနှစ်သုံးခုအတွင်းဩစတြေးလျက အမေရိကန်ဒေါ်လာဘီလီယံ ၂၅၀ ခန့်အထိ ကုန်ကျနိုင်ပြီး နိုင်ငံ၏လူနေမှုစရိတ်စက အကျပ်အတည်းကြားတွင် အခွန်များ တိုးမြှင့်လာနိုင်ကြောင်း ဝေဖန်သူများက ဆိုသည်။

အင်န်အိတ်ချ်ကေ

၂၀၂၂ ခုနှစ်အတွင်း မလေးရှားနိုင်ငံ၌ ရေကြီးမှုကြောင့် ဖြစ်ပေါ်သည့်မတော်တဆမှု ၉၈၃ ခုအထိ ကျဆင်း

ကွာလာလမ်ပူ ဒီဇင်ဘာ ၁၅

မလေးရှားနိုင်ငံတွင် ၂၀၂၁ ခုနှစ်က ရေကြီးမှုကြောင့်ဖြစ်ပေါ်သည့် မတော်တဆမှုပေါင်း ၁၀၅၇ ခုရှိခဲ့ရာ ၂၀၂၂ခုနှစ်တွင်မှ ၉၈၃ ခုအထိ ကျဆင်းသွားသည်ဟု ဒီဇင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်သည့် တရားဝင်အချက်အလက်များအရ သိရသည်။

လာနီညာကြောင့်ဖြစ်ပေါ်သော စိုစွတ်သည့်ရာသီဥတုသည် ၂၀၂၂ ခုနှစ် သဘာဝပတ်ဝန်းကျင်အပေါ် တိုက်ရိုက်သက်ရောက်မှုရှိပြီး နှစ်စဉ်မိုးရေချိန်လက်မ ၂၆ ဒသမ ၀ မီလီမီတာမှ ၁၇၄၉ ဒသမ ၄ မီလီမီတာအထိရှိသည်ဟု မလေးရှားစာရင်းအင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် ရေကြီးမှု၊ မုန်တိုင်း၊ မြေပြိုမှုနှင့် မီးဘေးအစရှိသည့် သဘာဝဘေးကြောင့် ထိခိုက်ရသူအရေအတွက်မှာလည်း ၂၀၂၁ ခုနှစ်တွင် ၂၀၈၆၄၃ ဦးရှိရာမှ ၂၀၂၂ခုနှစ်တွင် ၁၉၂၇၀၇ ဦးအထိ လျော့ကျခဲ့သည်ဟု သိရသည်။ လမ်းမတော်တဆဖြစ်မှုမှာ ပြီးခဲ့သည့် နှစ်ကနှင့်နှိုင်းယှဉ်လျှင် ၄၇ ဒသမ ၃ ရာခိုင်နှုန်း တိုးလာခဲ့သည်ဟု သိရသည်။ **ဆင်ဟွာ**

ပေကျင်း၌ မြေအောက်ရထား မတော်တဆဖြစ်မှုကြောင့် ဒဏ်ရာရရှိသူ ၁၀၂ ဦးရှိ

ပေကျင်း ဒီဇင်ဘာ ၁၅

ပေကျင်းမြို့ရှိ ချန်းဖင်လမ်းပိုင်းတွင် ဒီဇင် ဘာ ၁၄ရက် ညနေပိုင်းက မြေအောက်ရထား မတော်တဆမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၅၁၅ ဦးကို ဆေးရုံသို့ပို့ဆောင်ကာ ဆေးစစ်စေခဲ့ပြီး ၎င်းတို့ထဲမှ ၁၀၂ ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံအာဏာပိုင်များက ဒီဇင်ဘာ ၁၅ ရက်တွင် ပြောသည်။ လူသေဆုံးမှုမရှိဟုလည်း သိရသည်။

ကနဦး စုံစမ်းစစ်ဆေးမှုများအရ နှင်းများကြောင့် လမ်းချော်ကာ အရှေ့ရထားမှာ သံလမ်းတွင် ဘရိတ်အုပ်ရပ်တန့်သွားခြင်းဖြစ်ကာ ကုန်းဆင်းပိုင်းရှိ အနောက်ရထားမှာလည်း ထိရောက်စွာ ဘရိတ်မအုပ်နိုင်ခြင်းကြောင့် ရထားတိုက်မှု ဖြစ်ပွားရခြင်းဖြစ်သည်ဟု ပေကျင်းမြူနီစီပယ် သယ်ယူပို့ဆောင်ရေးကော်မရှင်က ပြောသည်။

ရထားမတော်တဆဖြစ်မှုကို တွေ့ရစဉ်။

ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် လူပေါင်း ၄၂၃ ဦးဆေးရုံမှဆင်းသွားပြီး ၂၅ဦးကို ဆေးဘက်ဆိုင်ရာစစ်ဆေးမှုများ ပြုလုပ်ပေးနေသည်။ နောက်ထပ် ၆၇ ဦး ကိုမူ ဆေးရုံတင်ထားရကြောင်း အဆိုပါကော်မရှင်က ပြောသည်။ အခင်းဖြစ်ပွားရခြင်းအကြောင်းကို ထပ်မံစုံစမ်းစစ်ဆေးရန်နှင့် အရေးပေါ်တုံ့ပြန်ရေး အကဲဖြတ် စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုလည်း ဖွဲ့စည်းထားသည်။ တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဒီဇင်ဘာ ၁၄ ရက်က နှင်းများ ထူထပ်စွာ ကျဆင်းခဲ့သည်။ ယခုသီတင်းပတ်အစောပိုင်းမှစတင်ကာ ပေကျင်း၌ နှင်းများထူထပ်စွာ ကျဆင်းနေခြင်းဖြစ်သည်။ **ဆင်ဟွာ**

ဒုတိယဝန်ကြီး ဦးအောင်မြိုင် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ် (GMS-CBTA) ဆိုင်ရာ ပူးတွဲကော်မတီ အဋ္ဌမအကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ဒီဇင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဟိုက်ကူးမြို့၌ ကျင်းပခဲ့သော မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ဆိုင်ရာ ပူးတွဲကော်မတီ၏ အဋ္ဌမအကြိမ်မြောက်အစည်းအဝေးနှင့် အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီအဆင့်မြင့်အရာရှိကြီးများ အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါ အစည်းအဝေးများသည် မဟာမဲခေါင်ဒေသခွဲအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ ခရီးသွားလာရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး ဆောင်ရွက်ရာတွင် ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးသည် အဓိကကျသဖြင့် အတားအဆီးများ လျှော့ချနိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး မဟာမဲခေါင်ဒေသခွဲအဖွဲ့ဝင်နိုင်ငံများမှ ပို့ဆောင်ရေးဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဒီဇင်ဘာ ၁၂ ရက်တွင် အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီ အဆင့်မြင့်အရာရှိကြီးများ အကြိုညှိနှိုင်းအစည်းအဝေးကိုကျင်းပခဲ့ပြီး မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများအကြား လူနှင့်ကုန်စည်များ နယ်စပ်ဖြတ်ကျော် ပို့ဆောင်ရေးဆိုင်ရာ သဘောတူစာချုပ်အား အပြည့်အဝအကောင်အထည်ဖော်ခြင်းမပြုမီ ဦးစွာဆောင်ရွက်မည့် နားလည်မှုစာလွှာ(Early Harvest MoU)အား သက်တမ်းတိုးမြှင့်ခြင်း၊ Early Harvest MoU တွင် မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဒီဇင်ဘာ ၁၃ ရက်တွင် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ဆိုင်ရာ ပူးတွဲကော်မတီ၏ အဋ္ဌမအကြိမ်မြောက်အစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများမှ ဒုတိယဝန်ကြီးများက အမှာစကားပြောကြားကြသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော် ပို့ဆောင်ရေးလုပ်ငန်းများအတွက် ထိုင်းနိုင်ငံနှင့် နားလည်မှုစာလွှာ လက်မှတ်ရေးထိုးနိုင်မှု၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်လက်အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုအပါအဝင် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ထည့်သွင်းပြောကြားသည်။

အစည်းအဝေးတွင် နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးဆိုင်ရာ သဘောတူစာချုပ်၏ အခြေပြစာချုပ်ငယ်(၁) လမ်းကြောင်းတိုးချဲ့ရေးဆိုင်ရာ နားလည်မှုစာလွှာကို လက်မှတ်ရေးထိုးရန်ကျန်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခြင်း၊ CBTA Work Plan 2024-2028 ကို ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ပြီး မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ဆိုင်ရာ ပူးတွဲကော်မတီ၏ အဋ္ဌမအကြိမ်မြောက် အစည်းအဝေး ပူးတွဲကြေညာချက် (8th CBTA Joint Committee Statement) ကို ထုတ်ပြန်ခဲ့သည်။

မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ဆိုင်ရာ ပူးတွဲကော်မတီအစည်းအဝေးကို အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့က အက္ခရာစဉ်အလိုက် အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ ၂၀၂၄ ခုနှစ်တွင် လာအိုနိုင်ငံ၊ ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုအထိမ်းအမှတ် ကဗျာ၊ စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

သန်လျင် ဒီဇင်ဘာ ၁၅

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုအထိမ်းအမှတ် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၁၁ ရက်က ကျင်းပခဲ့ပြီး ဘွဲ့ကြိုသင်တန်းနှစ်အသီးသီးမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၄ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ထို့နောက် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုအထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ကျောင်းသား ကျောင်းသူများ၏ စာဖတ်စွမ်းရည်၊ တွေးခေါ်မြော်မြင်မှုစွမ်းရည်၊ စကားပြောစွမ်းရည်များ မြင့်မားတိုးတက်လာစေရန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များဖြစ်လာစေရန်ရည်ရွယ်၍ ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ ဘက်စုံသုံးခန်းမ၌ မြန်မာစာဌာနနှင့် အင်္ဂလိပ်စာဌာနတို့က ကြီးမှူး၍ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြပြီး ပါမောက္ခချုပ် ဒေါက်တာ ရီရီဝင်းက အမှာစကားပြောကြားရာတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ထိန်းသိမ်းနိုင်စေရန်အတွက်လည်းကောင်း၊ စည်းလုံးညီညွတ်မှုရှိစေရန်အတွက်လည်းကောင်း၊ ဘက်စုံထူးချွန်သည့် ကျောင်းသား ကျောင်းသူများ ဖြစ်စေရန်အတွက်လည်းကောင်း၊ မှန်ကန်သည့်အတွေးအမြင်၊ ဗဟုသုတများ ပြည့်စုံကြွယ်ဝလာစေရန် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကျပန်းစကားပြောပြိုင်ပွဲတွင် ဘွဲ့ကြိုသင်တန်းနှစ်အသီးသီးမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ခုနစ်ဦးနှင့် Impromptu Talk ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ရှစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး **(အပေါ်ပုံ)** ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများကို ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အငယ်တန်းချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်နှင့် SP GEMS တို့ ပူးပေါင်းကျင်းပမည့် အငယ်တန်းချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင် အားကစားခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်နှင့်အမှုဆောင်များ၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်၊ လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကို အဓိကပံ့ပိုးသူ (SP Gems)ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အားကစားသမားများတက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်၊ လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌဦးထွန်းထွန်းဦးက အငယ်တန်းချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အဓိကပံ့ပိုးသူ (SP Gems)က ပြိုင်ပွဲကို ပံ့ပိုးရသည့်အကြောင်း၊ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါပြိုင်ပွဲ၌ အသက် ၁၉ နှစ်အောက်၊ အသက် ၁၇ နှစ်အောက်၊ အသက် ၁၅ နှစ်အောက်၊ အသက် ၁၃ နှစ်အောက်တွင် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲနှင့် အသက် ၁၁ နှစ်အောက်၊ အသက် ကိုးနှစ်အောက် အမျိုးသား အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အာကာစိုး

ချောက်မြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ တစ်ကေစပါးအစို ၁၃၄ တင်းကျော် ထွက်ရှိ

ချောက် ဒီဇင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေမြို့ ခတ်မြေကျေးရွာအုပ်စု ဥမင်ကိုးပေါက်လျှပ်စစ်မြစ်ရေတင်တွင် ယမန်နေ့က မိုးစပါးစံကွက် ရိတ်သိမ်းပွဲကျင်းပသည်။

အဆိုပါ မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဌေးကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်ကော်မတီ ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် တောင်သူ ဒေါ်လှလှရီ၏ ကွင်းအမှတ်(၂၂၆၆)၊ ဦးပိုင်အမှတ်(၇၉/က)ရှိ မိုးစပါး ရောမင်း ၂ ဒသမ ၅၀ ဧက စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် စပါးအစိုထွက်နှုန်း ၁၃၄ ဒသမ ၁၀ တင်း နှုန်းထွက်ရှိကြောင်း သိရပြီး ဒေသရှိတောင်သူများအား ဆောင်းသီးနှံသီးထပ် အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် နွေရာသီတွင် ဆီထွက်သီးနှံ(နှမ်း) လျာထားချက် ပြည့်မီအောင်နှင့် တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်မြတ်သင်းက ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
ပြည်တက္ကသိုလ်
ကွန်ပျူတာဒီပလိုမာသင်တန်း Diploma in Computer Studies (DCS)
အမှတ်စဉ်(၁၈/၂၀၂၃)သင်တန်းလျှောက်လွှာခေါ်ယူခြင်း

ပြည်တက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနအစီအစဉ်များကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်တက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ အောက်ပါသင်တန်းကို ဖွင့်လှစ်မည် ဖြစ်ပါသည်-

၁။	**သင်တန်းအမည်**	ကွန်ပျူတာဒီပလိုမာသင်တန်း
၂။	**သင်တန်းအောင်လက်မှတ်**	Diploma in Computer Studies (DCS)
၃။	**သင်တန်းဝင်ခွင့်အရည်အချင်း**	တက္ကသိုလ်၊ ဒီဂရီကောလိပ်တစ်ခုခုမှ အသိအမှတ်ပြု ဘွဲ့တစ်ခုခုရရှိပြီးသူများ ဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ အကြီးအကဲ၏သင်တန်းတက်ရောက်ရန် ခွင့်ပြုချက် အထောက်အထားတင်ပြရမည်။
၄။	**သင်တန်းကာလ**	(၉)လ
၅။	**သင်တန်းဖွင့်လှစ်မည့်ရက်**	၂၈-၁၂-၂၀၂၃
၆။	**လျှောက်လွှာစတင် ရောင်းချမည့်ရက်**	၁၈-၁၂-၂၀၂၃
	လျှောက်လွှာစတင် ရောင်းချမည့်နေရာ	သင်တန်းရေးရာဌာန၊ ပြည်တက္ကသိုလ်
၇။	**လျှောက်လွှာပိတ်ရက်**	၂၂-၁၂-၂၀၂၃
၈။	**ဝင်ခွင့်ဖြေဆိုရမည့်ရက်၊ဖြေဆိုချိန်၊နေရာ**	၂၆-၁၂-၂၀၂၃၊ နံနက်(၉:၀၀) မှ (၁၁:၀၀)နာရီအထိ ပြည်တက္ကသိုလ်၊ Theatre ခန်းမ
၉။	**ဝင်ခွင့်ရရှိသူများစာရင်းကြေညာမည့်ရက်**	၂၇-၁၂-၂၀၂၃

၁၀။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်တက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 82W/72777, BMW GS 1200R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်းထက် ၁၂/အစန(နိုင်)၂၀၄၆၈၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြဝတီ)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I /6240 အမျိုးအမည် ISUZUNKRSIE အမျိုးအစား L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမြင့် ၁၀/သဖရ(နိုင်)၀၆၃၇၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မြိတ်)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၁)၊ မြေကွက်အမှတ်(၇၈၂/ဆ)၊ အကျယ်အဝန်း(၁၃၅၇)စတုရန်းပေ၊ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၆)၊ ဈေးလမ်းနှင့် ဆရာစံလမ်းထောင့်၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ် ဟုခေါ်တွင်သော (၅)ထပ်တိုက်၏ မြေညီထပ်(ထပ်ခိုး) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြို့မြေစာရင်း၌ တရားဝင်အမည်ပေါက်ပိုင်ဆိုင်လျက်ရှိကြသော ၁။ ဦးမြင့်လွင်(ခ)လင်စိပ်ဂွမ် ၁၂/လမတ(နိုင်)၀၀၈၂၃၄၊ ၂။ ဒေါ်ခင်မြင့် ၁၂/လမတ(နိုင်) ၀၀၆၅၄၉ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ၂၂-၈-၂၀၂၃ ရက်စွဲပါ မြေအမည်ပေါက်ပိုင်ဆိုင်ခွင့်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေညီထပ်တိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် စရန်ငွေပေးကတိပြုစာချုပ်ကို ချုပ်ဆို၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေညီထပ်တိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ဝယ်ယူသူ ပိုင်ရှင်အသစ်မှ ၎င်းပိုင်ဆိုင်မှုနှင့် ၎င်း၏အမည်ကို မြို့မြေစာရင်း၌ အမည်ပြောင်းလဲခြင်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိသူ မည်သူမဆို တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများပြသ၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးအေးဟန် B.A. (Law), LL.B, D.B.L, D.M.L, D.I.L တရားလွှတ်တော်ရှေ့နေ
(၄၅၄၆/၈၈) အမှတ် (၂၆၆/ခ)၊ မြို့သစ်(၈)လမ်း၊ မြို့သစ်ရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၅၁၅၃၂၉၃

တစ်ဦးတည်းဖြစ်ကြောင်းနှင့်မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ရွှေပေးရွာနေ မအေးမြတ်မွန် ၆/မမန(နိုင်)၂၀၆၅၉၄၏ဖခင် ဦးသန်းကျော်မင်းနှင့် ဦးသန်းကျော်ဝင်း ၆/မမန(နိုင်)၁၃၈၄၇၈ မှာ တစ်ဦးတည်းဖြစ်ပြီး မအေးမြတ်မွန်၏ မွေးသက္ကရာဇ်အမှန်မှာ မှတ်ပုံတင်စာရင်းအရ ၂၆-၈-၂၀၀၁ ဖြစ်ပါကြောင်း။

ဦးသန်းကျော်မင်း (ခ) ဦးသန်းကျော်ဝင်း

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ သုခလမ်းမကြီး ၊အောင်မင်္ဂလာရပ်၊ အမှတ်(၆၆)နေ ဦးစိန်လွင်နှင့် ဒေါ်မြို့ဆွေတို့၏သားကြီးဖြစ်သူ မောင်ဟန်နိုင်ထက် ၆/မမန(နိုင်)၂၂၁၈၉၄ သည် မိဘတို့၏ပြောဆိုဆုံးမမှုကို မနာခံသည့်အပြင် စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးစိန်လွင်၊ ဒေါ်မြို့ဆွေ

ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

စစ်တွေမြို့၊ ရှုပမြောက်ရပ်ကွက်၊ ပန်းခြံလမ်းနေ ဒေါက်တာ ကြည်ကြည်သာ ၁၁/စတန (နိုင်) ၀၅၂၄၇၃ က စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ ကွင်းအမှတ်(၅၅၇-က)၊ ပုမေမြောက်ကွင်း၊ မြေကွက်အမှတ်(၂၇၅-က)၊ မြေချိန်ဧရိယာ(၀.၀၅၅)ကေအနက်မှ မြေချိန်ဧရိယာ(၀.၂၇၅)ကေကို လူနေအိမ်ဆောက်လုပ်နေထိုင်ရန်အတွက် မြေငှားဂရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကော်လီတွေ်ာအရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
စစ်တွေမြို့

အမည်ပြောင်း

ပုသိမ်မြို့၊ အထက (၁)၊ Grade-10 မှ (ဘ) ဦးအောင်မင်းဦး (၁၄/ပသန (နိုင်)၂၀၁၅၉၃)၊ အမိ-ဒေါ်စန္ဒာမိုး (၁၄/ပသန (နိုင်) ၁၆၇၂၀၂)တို့၏ သားဖြစ်သူ မောင်အောင်ခန့်ပိုင်အား ယနေ့မှစ၍ မောင်ရန်နိုင်မိုးဟု မွေးစာရင်းအရ ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ရန်နိုင်မိုး

အမည်ပြောင်း

ထားဝယ်မြို့၊ ဝဲကျွန်းထိန်သစ်ရပ်၊ ရေးလမ်းနေ ဦးပြည့်ဖြိုးအောင်-ဒေါ်ဖွန့်ပွင့်ဖြူတို့၏ သားဖြစ်သူ မောင်သော်ဇင်ဖြိုးစံအား မောင်ဟန်ထက်ဖြိုးအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဟန်ထက်ဖြိုးအောင်

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၃)၊ ကွင်/အကွက်အမှတ် (၅/ကုလားတန်းရပ်) ၊ဦးပိုင်အမှတ် (၄၅)၊ မြေဧရိယာ (၁.၄၇၆) ဧကရှိ မြေကွက်အား ဂရန်အမှုတွဲအမှတ် (၂၉၉/၁၉၆၂- ၁၉၆၃) အရ မန်နေဂျာ အထက်ဗမာပြည်ဘဏ် အမည်ပေါက်ပြီး အဆိုပါ အမည်ပေါက် ဂရန် မူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် မြေငှားဂရန် (မိတ္တူမှန်) လျှောက်ထားနိုင်ရေး မြန်မာ့စီးပွားရေးဘဏ်၊ ပြင်ဦးလွင်မြို့မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် သက်ဆိုင်ရာရုံးဌာနများသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ် ပြင်ဦးလွင်မြို့

ဖခင်အမည်မှန်

ထားဝယ်မြို့၊ အိုးလုပ်အနောက်ရပ်၊ အောင်မြန်မာလမ်းနေ၊ (အထက-၆) ထားဝယ် Grade-10မှ မောင်ထက်မြင့်အောင်နှင့် Grade-3မှမောင်အာကာမင်းတို့၏ဖခင် ဦးဇော်မင်း၏ အမည်မှန်မှာ ဦးဇော်ဝင်း ၆/မအရ(နိုင်) ၁၁၁၈၄၄ဖြစ်ပါကြောင်း။

ဦးဇော်ဝင်း

အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

အမ်းမြို့၊ အထက (၁) Grade-8 မှ (ဘ)ဦးတင်မောင်၏သား မောင်ဂျွန်ဂို၏အမည်မှန်မှာ မောင်ခင်မောင်ချို ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ကျောင်းဝင်မှတ်ပုံတင် အရ ၃-၁-၂၀၀၅ ဖြစ်ပါကြောင်း။

မောင်ခင်မောင်ချို

အမည်မှန်နှင့် ဖခင်အမည်မှန်

အမ်းမြို့၊ အထက (၁) Grade-9 မှ မောင်ဝင်း၏ အမည်မှန်မှာ မောင်ဇော်နိုင်ဦး ဖြစ်ပြီး ဖခင် ဦးဝင်းမောင်၏ အမည်မှန်မှာ ဦးမင်းထက် ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

ရသေ့တောင်မြို့နယ်၊ ကြက်ရိုးဆိပ်ကျေးရွာနေ (ဘ)ဦးအေးထွန်းစိန်၏သား မောင်မင်းနိုင်လင်း ၁၁/ရသတ(နိုင်)၀၉၂၄၀၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၁၀-၁၉၉၇ ဖြစ်ပါကြောင်း။

လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၅ - အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် The Golden Octopus Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Nissan Ariya အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် တရုတ်နိုင်ငံထုတ် Honda ENS1 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၁၂ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၁၈၅ ကျပ်	၂၂၃၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၂၄၀ ကျပ်	၂၂၉၀ ကျပ်
အောက်တိန်း ၉၂	၂၄၄၅ ကျပ်	၂၄၉၀ ကျပ်
အောက်တိန်း ၉၅	၂၅၄၅ ကျပ်	၂၅၉၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၇၀၀	၈၇၀၀	၃၁	၂၆၉၇၀၀
MTSH	၂၉၀၀	၂၈၅၀	၂၃၂၈၆၅	၆၅၂၁၈၅၆၀၀
MCB	၇၆၀၀	၇၆၀၀	၄၅	၃၄၂၀၀၀
FPB	၁၆၀၀	၁၆၀၀	၆၀	၉၆၅၀၀
TMH	၂၄၀၀	၂၄၀၀	၂၀၃	၄၈၇၂၀၀
EFR	၂၀၀၀	၁၉၅၀	၆၈၂	၁၃၄၉၀၀၀
AHPC	၄၇၀၀	၄၇၀၀	၄	၁၉၀၀၀
MAEPC	၁၆၅၀	၁၆၅၀	၅၉၁၈	၉၈၆၀၆၀၀

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ	-	ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

အကြွေးဝယ်ကတ် (VISA/UPI Credit Card) အသုံးပြုပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေသူများ၊ အာမခံသူများ သိရှိစေရန်ကြေညာခြင်း

ကမ္ဘောဇဘဏ်လီမိတက်၏ အကြွေးဝယ်ကတ် (VISA/UPI Credit Card) တို့အား ရယူသုံးစွဲခဲ့သူများဖြစ်သော အောက်ဖော်ပြပါဇယားတွင် အမည်စာရင်းပါရှိသည့် လူပုဂ္ဂိုလ်များသည် အကြွေးဝယ်ကတ်အသုံးပြုငွေများ၊ အတိုးနှင့် ကျသင့်သည့် အဖိုးအခများအား ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိနေသည့်အတွက် နည်းမျိုးစုံဖြင့် အကြိမ်ကြိမ် ဆက်သွယ်တောင်းခံခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့သော်လည်း ပေးဆပ်ခြင်းမရှိဘဲ ဆက်လက်ပျက်ကွက်နေပါသည်။ ထို့ကြောင့် အကြွေးဝယ်ကတ်အားသုံးစွဲခဲ့သူ အောက်ဖော်ပြပါ အမည်စာရင်းတွင်ပါရှိသည့် လူကြီးမင်းများနှင့် လူကြီးမင်းတို့ ကတ်လျှောက်ထားရာတွင် အာမခံအဖြစ် လက်မှတ်ရေးထိုး ပေးခဲ့ကြသူများအနေဖြင့် ကမ္ဘောဇဘဏ် လီမိတက်သို့ ပေးဆပ်ရန်ရှိသည့် အကြွေးဝယ်ကတ် သုံးစွဲငွေများ၊ အတိုးနှင့် ကျသင့်သည့် အဖိုးအခများကို ယခု ကြေညာချက်ပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း သက်ဆိုင်ရာဘဏ်ခွဲသို့ လာရောက်ဆက်သွယ်ပေးဆပ်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးဆပ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **(ကျန်ရှိသူများကိုလည်း ဆက်လက်ဖော်ပြသွားပါမည်)**

စဉ်	အမည်	နိုင်ငံသားစိစစ်ရေးကတ်အမှတ်	အလုပ်အကိုင်	အကြွေးဝယ်ကတ်အမှတ်	နေရပ်လိပ်စာ
၁။	ဒေါ်တင်မျိုးဇော်	၁၂/စခန(နိုင်)၀၀၇၈၁၁	Japan S & K Co.,Ltd	4216XXXXXXXX2504	အမှတ်-၈၇ (C)Rose park-2၊ ပင်လုံအိမ်ရာ၊မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
၂။	ဒေါ်တင်တင်မိုး	၁၃/တကန(နိုင်)၀၀၁၄၆၉	CC Channel အထည်ဆိုင်	4216XXXXXXXX8187	အမှတ်-၄၉၂ ၊ သရဖီလမ်း၊ ဇမ္ဗူသီရိ မြို့နယ်၊ နေပြည်တော်။
၃။	ဒေါ်ခင်ပြည့်ပြည့်မျိုး	၁၂/ကမရ(နိုင်)၀၀၃၄၇၆	Master Peace Service Co.ltd	4216XXXXXXXX3758	အမှတ်- ၉၊ ရွှေတောင်ကြားရိပ်သာလမ်း၊ရွှေ-1ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
၄။	ဦးတင်မောင်ဦး	၁၂/သခန(နိုင်)၀၀၂၇၅၀	ထွင့်ခေါင်ဆန်၊စပါး၊ပဲရောင်းဝယ်ရေး	4216XXXXXXXX3853 6244XXXXXXXX3109	အမှတ်(၇၉)၊အနော်ရထာလမ်း၊အမှတ်(၁)ရပ်ကွက်၊သုံးခွမြို့နယ် ၊ရန်ကုန်မြို့။
၅။	ဦးတင့်နိုင်ဝင်း	၁၂/မရက(နိုင်)၁၃၃၀၅၅	Rosewood Capital Co.,Ltd	6244XXXXXXXX2789	အမှတ်-၉၇(A)၊စိန်ပန်းပြာလမ်း၊သုဝဏ္ဏ(၂၉)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
၆။	ဒေါ်ငြိမ်းပွင့်ဖြူ	၁၂/အစန(နိုင်)၁၇၄၇၅၀	Top PVC Pipe Production	6244XXXXXXXX9248	အမှတ်-၅၈၈၊ပိတောက်ရွှေဝါလမ်း၊၄၇ ရပ်ကွက်၊မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
၇။	ဦးဝင်းကိုလတ်	၇/အတန(နိုင်) ၀၅၉၆၉၃	Uniliver စားသောက်ကုန်လုပ်ငန်း	4216XXXXXXXX8509 6244XXXXXXXX2754	အမှတ်(၆၉)၊ စကားဝါလမ်း ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ။
၈။	ဦးစိုးမိုးအောင်	၁၂/သခန(နိုင်) ၁၀၅၄၂၀	အောင်မေတ္တာသွားဆေးခန်း	4216XXXXXXXX3915 6244XXXXXXXX7373	အမှတ်-၇၉၊အနော်ရထာလမ်း၊(၁)ရပ်ကွက်၊သုံးခွမြို့နယ်၊ ရန်ကုန်မြို့။
၉။	ဦးဥတ္တမာထွန်း	၁၂/ ဥကတ(နိုင်) ၁၅၃၂၂၅	T-Family Store	4216XXXXXXXX1850 6244XXXXXXXX8422	အမှတ်၉၇၂(A)။သံသုမာလမ်း၊(၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
၁၀။	ဦးရဲပြည့်ဖြိုး	၁၂/ပဘတ(နိုင်) ၀၃၂၇၅၉	ရွှာဘီဖိနပ်ဆိုင်လုပ်ငန်း	4216XXXXXXXX6992 6244XXXXXXXX3240	အမှတ်(၁၇၀)၊လမ်း(၃၀)အလယ်ဘလောက်၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
၁၁။	ဦးကျော်ဇေလတ်	၁၁/စတန(နိုင်) ၀၆၅၄၁၆	ထက်ဝဠာဟိန်းရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ရေး	4216XXXXXXXX7389 6244XXXXXXXX1053	အမှတ် (၅၇)၊ ပျဉ်းကတိုးလမ်း ၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
၁၂။	ဦးစန်းလင်းထွန်း	၁၄/ဟကကက(နိုင်) ၀၅၁၃၂၆	Shwe Yee Pan Set Co., Ltd.	4216XXXXXXXX5793 6244XXXXXXXX0642	အမှတ်(၁၁၅)၊ တိုက်(၂)၊ အခန်း(၁)၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
၁၃။	ဒေါ်စံပယ်လတ်	၁၂/တမန(နိုင်)၀၇၀၄၈၃	ထက်ဝဠာဟိန်းရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ရေး	4216XXXXXXXX8334 6244XXXXXXXX1079	အမှတ်(၅၇)၊ပျဉ်းကတိုးလမ်း၊(၃၄) ရပ်ကွက် ၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
၁၄။	ဦးဇော်ဝင်း	၁၂/ကမရ(နိုင်) ၀၁၅၉၇၃	Shwe Than Sinn Co.,Ltd	4216XXXXXXXX0349 6244XXXXXXXX9362	အမှတ်၆၈(B)၊သီရိလမ်း၊(၂)ရပ်ကွက်၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။
၁၅။	ဦးဇော်ဖြိုးအောင်	၁၄/ဟကကက(နိုင်)၀၃၈၇၄၄	Htet Walar Hein Co., Ltd	4216XXXXXXXX0589 6244XXXXXXXX9990	အမှတ်(၁၁၅)၊တိုက်(၂)၊အခန်း(၁)၊မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
၁၆။	ဦးရဲဝင်း	၁၂/လမန(နိုင်) ၀၁၈၃၄၃	Htet Walar Hein Co., Ltd	4216XXXXXXXX1658 6244XXXXXXXX0006	အမှတ်(2A+128)၊ မုဒိတာအိမ်ရာ(၂)၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
၁၇။	ဦးတင့်ဆွေ	၁၂/သဃက(နိုင်)၁၄၀၆၇၂	Shwe Yee Pan Sett Co., Ltd	4216XXXXXXXX2225 6244XXXXXXXX9834	အမှတ်(၁၀/၃၉)၊ဇာဝေယာလမ်း၊သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
၁၈။	ဦးဝင်းကျော်ဦး	၁၂/သလန(နိုင်) ၀၇၂၂၁၃	စိန်ထွန်းတောက်စိန်ရွှေရတနာဆိုင်	4216XXXXXXXX5828 6244XXXXXXXX3356	အမှတ်(၁၂)၊ သိမ်ကျောင်းလမ်း၊ မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့။
၁၉။	ဦးမျိုးမင်းဝင်း	၁၂/ဥကတ(နိုင်) ၁၃၆၈၀၄	Aung Myint Myat Taw Win Oo Co., Ltd	4216XXXXXXXX9028	အမှတ် (၆၄၇)၊ သံသုမာလမ်း ၊ တောင်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်မြို့ ။
၂၀။	ဦးစန်းလွင်ဦး	၉/ကပတ(နိုင်)၁၂၆၈၅၁	ငွေလရောင်ကုန်စည်ပို့ဆောင်ရေး	4216XXXXXXXX0451	အမှတ်(R-8)၊ ကံ့ကော်(၂)လမ်း ၊ လှိုင် မြို့နယ်၊ ရန်ကုန်မြို့။
၂၁။	ဒေါ်မိုးပပနိုင်	၁၂/ဥကတ(နိုင်) ၁၅၃၇၃၅	Taw Win Oo Co.,Ltd	4216XXXXXXXXX7314	အမှတ်-၆၂၆(A)၊ အာသောက(၂၁)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ။
၂၂။	ဦးရဲမိုးဟိန်း	၂/ဒမဆ(နိုင်)၀၀၅၃၃၉	မြင့်မိုရ်ကျော်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး	6244XXXXXXXXX5601	အမှတ်(၂၉/၁၈၇)၊စိန်ပန်းလမ်းသွယ်(၃)လမ်း၊ အမှတ်(၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ရန်ကုန်မြို့။

Legal and Compliance Function

ကမ္ဘောဇဘဏ်လီမိတက်

အမှတ်(၅၃) Strand Square Office ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph-01-2307091

ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ လက်ပန်ပုကျေးရွာနေ(ဘ)ဦးပြား၏သမီး မဝေလွင်မိုး ၈/တတက(နိုင်) ၂၃၄၁၇၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် MB-327323 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားအပ်ပါသည်။

ဖုန်း-၀၉-၇၅၇၆၇၆၈၈၁

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/1557 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊
ပြည်နယ်ရုံး(စစ်တွေ)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/07203, Honda Click-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်း ၁၄/ပသန(နိုင်)၂၃၅၂၅၉ မှ ဖောင်းကြွနံပါတ်ပြား ပျောက်လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၉၉၁/ခ၊ မြေကွက်တည်နေရာအမှတ် (၉၉၁/ခ)၊ ပင်းယ (၁၆)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဒေါ်အုန်းမြင့် (CJ-015680) မြေကွက်ကို ဦးသံချောင်း၊ (ဖခင်)နှင့် ဒေါ်အုန်းမြင့်(မိခင်)တို့ ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်အမှတ် (၁၀၇၉၉/၂၀၂၂) (၂၇-၁၂-၂၀၂၂)ဖြင့် ပိုင်ဆိုင်သူ ဦးသန်းဝင်း(၁၂/မရက(နိုင်)၀၃၂၈၀၅)မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်၊ ကတ်၊ obj၊ ဝန်ဆောင်ခတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ရွှေတောင်မြို့နယ်တရားရုံးတော်
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၅

၁။ ဒေါ်ဌေးဌေးဦး နှင့် ဦးစိုးဝင်း
၂။ ဒေါ်မေမီမို့ခိုင်
၃။ ဦးခန့်ဘုဏ်းသော်
(တရားလိုများ) (တရားပြိုင်)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့၊ သရက်တောရပ်ကွက်၊ ဗလီလမ်းနေ တရားပြိုင် ဦးစိုးဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ဌေးဌေးဦး ပါ-၃ ဦးက (၃၀-၂-၂၀၁၇)ရက်စွဲပါ ကတိပဋိညာဉ်အတိုင်း နေအိမ်နှင့်ခြံ မြေအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှုကို လျှောက်ထားတရားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည် ရေးသားပါရှိသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့် ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင့်ဝါဖေဝင်း)
မြို့နယ်တရားသူကြီး
ရွှေတောင်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်တွေမြို့၊ ရှုပမြောက်ရပ်ကွက်နေ ဒေါက်တာကြည်ကြည်သာက စစ်တွေမြို့၊ ရွာကြီးတောင်ရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ ရွာကြီးတောင်အကွက်၊ ဦးပိုင်အမှတ်(၇၉-စ)၊ ဧရိယာ(၀.၀၂၂)ကေရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မမြရွှေထံမှ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်သူ ဒေါက်တာကြည်ကြည်သာက စစ်တွေမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်- ၁၁၆/၂၀၂၃ အရ ဘိုးဘပိုင် အိမ်ရာမြေနှင့် နေအိမ်အား အပြီးအပိုင် စွန့်လွှတ်သည့်စာချုပ်ဖြင့် လက်ခံထားရှိပြီး ၎င်းအမည်ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော သက်သေအထောက်အထားများဖြင့် စစ်တွေမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်ဦးစီးဌာနမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
စစ်တွေမြို့

ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အကွက်အမှတ်(၆၈)၊ ဦးပိုင်အမှတ်(၂၁၇+၃က)၊ မြေချိန်ဧရိယာ (၀.၁၀၀+၀. ၀၆၂)ကေရှိ ဘိုးဘပိုင်အိမ်ရာမြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းထွန်းဝင်းထံမှ အိမ်နှင့်မြေကွက်အပြီး အပိုင်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်အမှတ်(၂၀၈/၂၀၂၂)အရ ဦးတင့်လွင်(ခ)ဦးဆက်တီးမှ တရားဝင်ဝယ်ယူခဲ့ပြီးဖြစ်ပါ၍ ဦးတင့်လွင်(ခ)ဦးဆက်တီး၏အမည်သို့ လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်ရန်မရှိပါက အမည်ပြောင်းလဲလျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာလိုက်သည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန
မော်လမြိုင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အကွက်အမှတ်(၄၄)၊ ဦးပိုင်အမှတ်(၂၄၇)၊ မြေချိန် ဧရိယာ (၀.၀၃၅)ကေရှိ ဘိုးဘပိုင်အိမ်ရာမြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လှအေးထံမှ အိမ်နှင့်မြေကွက် အပြီးအပိုင်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်အမှတ်(၇၃/၂၀၂၃) အရ ၁။ မမှူးမြသွေးခြယ် ၊ ၂။ မဆုမြတ်ဖြူစင်၊ ၃။ မအိန္ဒြေမိုးစက်၊ ၄။ မောင်အောင်နိုင်မင်းဆက်တို့မှ တရားဝင်ဝယ်ယူခဲ့ပြီး ဖြစ်ပါ၍ ၁။ မမှူးမြသွေးခြယ် ၊ ၂။ မဆုမြတ်ဖြူစင်၊ ၃။ မအိန္ဒြေမိုးစက်၊ ၄။ မောင်အောင်နိုင်မင်းဆက် တို့၏ အမည်သို့ လျှောက်ထားလာမှု အပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မော်လမြိုင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင် ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အမည်ပြောင်းလဲ လျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာလိုက်သည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန၊
မော်လမြိုင်မြို့

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂၅

ဦးထွန်းသက်ဦး နှင့် ၁။ ဦးကျော်စိန်
၂။ ဒေါ်ခင်သန်းရင်(ခ)
ဒေါ်ယုယုမြတ်
တရားလို တရားပြိုင်များ

မန္တလေးတိုင်းဒေသကြီး ၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အမှတ်(ဃ)နေ ဦးကျော်စိန်၊ ဒေါ်ခင်သန်းရင်(ခ)ဒေါ်ယုယုမြတ် (ယခုနေရပ်လိပ်စာမသိ) သူတို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးထွန်းသက်ဦးက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့မဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် (၁၃၈၅ ခုနှစ်၊ နတ်တော်လကွယ်) နေ့ မွန်းမတည့်မီ (၁၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဆွေဆွေအေး)
ခရိုင်တရားသူကြီး
ပြင်ဦးလွင်ခရိုင်တရားရုံး

ပျောက်ဆုံးကြောင်း

ဘုတလင်မြို့နယ်၊ လယ်တီကျေးရွာနေ ဦးဝင်းလှိုင်၏သမီး မမိုးသူဇာ ၅/ဘတလ(နိုင်) ၁၂၄၁၃၅ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MH-885668 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၅၉၄၄၆၄၃

တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ နတ်အင်းကျေးရွာနေ မချယ်ရီသိမ့် ၅/ကဘလ(နိုင်)၂၉၃၆၅၀၏ ဖခင် ဦးစိုးသိန်း(ခ)ဦးစိုးတင်း ၅/ကဘလ(နိုင်)၁၇၅၆၇၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/1016, SKAT LFJ 3048 G-1, Dump Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဗိုလ် ၅/ကနန(နိုင်)၀၃၀၉၀၅ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(မုံရွာ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 52W/89401, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးအေးထွန်း ၁၄/ဟသတ(နိုင်) ၀၂၆၅၀၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဟင်္သာတ)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ နဝဒေးရပ်ကွက်၊ ကွင်းအမည်-အင်ကြင်းမြောင်၊ ကွင်းအမှတ် ၄၀၄A၊ ဦးပိုင်အမှတ်-၂၀၅၅၊ ဧရိယာ (၀.၁၀၀)ကေ၊ အကျယ်အဝန်းရှိ ခြံမြေကွက်အား မူလအမည်ပေါက်ပိုင်ဆိုင်အကျိုး ခံစားလျက်ရှိသော ဒေါ်ချိုချိုဝင်း ၇/ပမန(နိုင်)၁၇၇၇၈၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယမင်းဝေ ၇/ပခတ(နိုင်)၀၉၅၇၂၁) မှ စရန်ငွေတချို့တစ်ဝက်အား ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်နွယ်မြင့်(LL.B) **ဒေါ်ဇာခြည်သိမ့်(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၆၈) အထက်တန်းရှေ့နေ(စဉ်-၅၂၄၀၉)
အမှတ်(၃၄၇)၊ အနောက်နေကျော်တန်းလမ်း၊ ရွာဘဲနယ်မြေ၊ ပြည်မြို့။
ဖုန်း-၀၉-၉၆၂၂၃၇၃၇၄၊ ၀၉-၄၂၄၆၄၅၆၀၃

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့၊ အမှတ်(၁) မြို့သာရပ်ကွက်နေ ဦးခင်အောင်ထွန်း-ဒေါ်သိမ်းသိမ်းထွေးတို့၏သားကြီး မောင်သျှိုင်းထက်အောင်သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမှ လုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်အောင်ထွန်း-ဒေါ်သိမ်းသိမ်းထွေး
ကလေးဝမြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊နည်းဥပဒေ-၂၀)
မရမ်းကုန်းခရိုင်တရားရုံးတော်
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈၈

၁။ ဦးတိုးမြင့်	နှင့်	၁။	ဒေါ်နီနီ(မန်နေဂျင်းဒါရိုက်တာ)
၂။ ဒေါ်သန်းသန်းနွယ်		၂။	ဦးစိုးလွင်(အထွေထွေမန်နေဂျာ)
၃။ ဦးဝင်းနိုင်ဦး		၃။	ဦးအောင်ချမ်းထူးမောင်(မန်နေဂျာ)
၄။ ဒေါ်သန္တာမြတ်ဝင်း		၄။	ဦးအောင်ဝင်းကျော်(မန်နေဂျာ)
၅။ ဒေါ်ခင်ခင်တင့်			
၆။ ဦးစောနိုင်သိန်း (၎င်းတို့၏အခွင့်ရ ကိုယ်စားလှယ်ဦးကျော်မင်း)			
တရားလိုများ			တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ (၅)ရပ်ကွက်၊ န၀ဒေးရပ်ရှင်ဥယျာဉ်၊ အမှတ်(၁၀၂) စံရွှေဆားဗစ်စ်ကုမ္ပဏီလီမိတက်ရပ်နေ (၁) တရားပြိုင် ဒေါ်နီနီ(မန်နေဂျင်းဒါရိုက်တာ)၊ (၂) တရားပြိုင် ဦးစိုးလွင် (အထွေထွေမန်နေဂျာ)နှင့် (၄) တရားပြိုင် ဦးအောင်ဝင်းကျော်(မန်နေဂျာ) (ယခု နေရပ်လိပ်စာမသိ) သူတို့သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတိုးမြင့်ပါ ၆ ဦး(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်မင်း) က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများဌာနကြီး၏ ကိုဗစ်ကာလဈေးဆိုင်ခန်းများ ပိတ်သိမ်းထားချိန်တွင် နိုင်ငံတော်က သက်ဆိုင်ရာအခွန်အခများ ကင်းလွတ်ခွင့်ပြုထားသော်လည်း ကုမ္ပဏီက ဆိုင်ခန်းငှားရမ်းခ(၅၀%)ကောက်ခံခဲ့သည့်အတွက် အဆိုပါ ကောက်ခံထားရှိငွေများကို ဆိုင်ခန်းငှားရမ်းသူများသို့ပြောင်းရွှေ့စရိတ်အဖြစ် ပြန်လည်ထုတ်ပေးစေရေးဆိုင်ခန်း(၈)ခန်းအတွက်ငွေကြေး-၃၀၄၀၀၀၀၀/-(ငွေကျပ်သိန်းသုံးရာလေးသိန်းတိတိ)ထုတ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလကွယ် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကိုထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့တည်းမဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မျိုးမင်းအောင်)
ဒုတိယခရိုင်တရားသူကြီး(၂)
မရမ်းကုန်းခရိုင်တရားရုံး

ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပျဉ်းမနားခရိုင်တရားရုံးတော်၌
၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၁နှင့် ဆက်နွယ်သည့် ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅

ဒေါ်တင်တင်နိုင်	နှင့်	၁။	ဒေါ်သော်သော်ထက်ဦး
		၂။	ဦးသီဟသောင်းတင်
ဒီကရီအနိုင်ရသူ			**တရားရှုံးများ**

ဒေါ်သော်သော်ထက်ဦး၊ အမှတ်(၃/၅၉၅၇)၊ စံပယ်လမ်း၊ ဥဏ္ဏာသိဒ္ဓိရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ် ၅၁ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်တင်တင်နိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် (၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခိုင်ခိုင်လေး)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ပျဉ်းမနားခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ မြေရေိယာ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၂၇၆၉) ကို အမည်ပေါက် ဦးကျော်ဇေယျ(ဘ) ဦးကျော်သန်း ၉/ပမန(နိုင်)၀၀၀၉၃၈ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်ခင်သန္တာဝင်း (ဘ) ဦးစိုးမြင့် ၁၂/ဗဟန(နိုင်)၀၁၇၂၀၀ မှ ဒေါ်အေးမြတ်ဝင်း (ဘ) ဦးကျော်ဝင်း ၉/မထလ(နိုင်)၀၀၀၈၁၇ နှင့် မှတ်ပုံတင်အရောင်းအ၀ယ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇ၀င် ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ ပျဉ်းမနားမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၅၂/၂၀၁၉ (၂၆-၁၁-၂၀၁၉) တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇ၀င် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ အောက်ဖော်ပြပါအတိုင်း ရေနံစိမ်းတွဲ (၆)တွဲရှိရေနံစိမ်းများအား မျက်မြင်အခြေအနေအတိုင်း အပြောင်းရှင်းစနစ်ဖြင့် တပေါင်းတည်း တင်ဒါခေါ်ယူရောင်းချ မည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	တည်နေရာ	ပစ္စည်းအမျိုးအမည်	ပမာဏ (ဂါလန်)	တင်ဒါပိတ်ချိန်		တင်ဒါဖွင့်ချိန်	
				နေ့ရက်	နာရီ	နေ့ရက်	နာရီ
၁	သံပရာကန်	ရေနံစိမ်း	၁၄၀,၀၈၅	၂-၁-၂၀၂၄	၁၂:၀၀	၂-၁-၂၀၂၄	၁၄:၀၀

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း ၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ နားဘောင်ဒေသ၊ ကောင်းသာယာရွာနေ ဆရာ ဦးသန်းထိုက်လင်း ၉/ပမန(နိုင်)၁၇၈၇၀၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဆရာဦးသန်းထိုက်လင်းသည် Than Htike Linn (Sayar Sayar Lay) အကောင့် တစ်ခုတည်းဖြင့်သာ Facebook Pageတွင် တရားဝင် အသုံးပြုလျက်ရှိပါသည်။ အခြားမည်သည့် Account၊ မည်သည့် Pageမှ လုံးဝအသုံးပြုခြင်းမရှိပါ။

ကျွန်ုပ်မိတ်ဆွေ ဆရာ ဦးသန်းထိုက်လင်းအား နာမည်ဂုဏ်သတင်း ညှိုးနွမ်းစေရန် ရည်ရွယ်၍ Facebook လူမှုကွန်ရက်စာမျက်နှာများ၊ Page အတု၊ အကောင့်အတုများဖြင့် လုပ်ကြံဖန်တီးပြီး ဦးသန်းထိုက်လင်း၏ ဓာတ်ပုံများယူသုံးခြင်းဖြင့်လည်းကောင်း၊ နာမည်အလွဲသုံးစားပြုခြင်းများဖြင့်လည်းကောင်း၊ စာရွက်စာတမ်း၊ စာချုပ်အတုများဖန်တီး၍လည်းကောင်း၊ အများပြည်သူအထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်ပေါ်တွင် ရေးသားခြင်း၊ Share ခြင်း၊ Comment ပေးခြင်းများ ပြုလုပ်ဆောင်ရွက်နေသည်များ တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအတိုင်း ပြုမူပြောဆိုရေးသားမှုများ၊ လူမှုကွန်ရက်ပေါ်တွင် တွေ့ရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားရန် ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ကြောင်းနှင့် ထိုသို့လုပ်ကြံဖန်တီးရေးသား တိုက်ခိုက်ဝေဖန်မှုများနှင့်ပတ်သက်၍ ဆရာဦးသန်းထိုက်လင်းနှင့်ပတ်သက်မှုမရှိ၍ လုံး၀ တာဝန်ယူမည်မဟုတ်ပါကြောင်း၊ ရေးသားသူများ၏တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဆရာဦးသန်းထိုက်လင်း	**ဒေါ်နီလာခိုင်(LL.B, D.B.L)**
(သင်တန်းမှူးချုပ်	**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၄၇/၆-၃-၂၀၁၂)**
တစ်ကိုယ်တော်ပရဟိတလုပ်ငန်း)	**အမှတ်-၄၀/၂၅ ဘုရားလမ်း၊ (၁၆)ရပ်ကွက်၊**
စွမ်းရည်ထက် ကိုယ်ပိုင်နည်းပြ	**လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
သင်တန်းကျောင်း နှင့်	**ဖုန်း-၀၉-၇၇၇၈၄၆၇၇၄**
ရတနာမြတ်သုံးပါး	
ဓာတ်နန်း၊ တောင်ကြီးမြို့။	

ပျောက်ဆုံးကြောင်း

တောင်ဒဂုံမြို့နယ်၊ ဒီဇင်ဘာအိမ်ရာနေ ဦးသန်းမြင့်၏သမီး မခင်မျိုးကြည် ၁၂/ဒဂရ(နိုင်)၀၂၂၁၈၁ ၏ နိုင်ငံကူးလက်မှတ် MG-851260မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖခင်အမည်မှန်

ရော၀တီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နယ်၊ အထက နိဗ္ဗာန် Grade-9(B)မှ မောင်ပိုင်သက်ကို၏ ဖခင်အမည်မှန်မှာ ဦးခိုင်ဇော်ဦး ၁၄/ဟသတ(နိုင်)၂၄၄၁၃၄ ဖြစ်ပါသည်။

အမည်ပြောင်း

ဦးခိုင်ဝင်းနိုင်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အလက(၃)၊ Grade-1မှ မရွှေရည်ဝင့်ထည်အား မဆုရွှေရည်စံဟု ပြောင်းလဲခေါ်ပါရန်။

မဆုရွှေရည်စံ

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဗိုလ်ကြီးအောင်ဇော်မိုး (ဘ) ဦးညွန့်တင် ၁၂/ဥကတ(နိုင်)၀၀၄၃၃၉သည် နေပြည်တော်၊ပုဗ္ဗသီရိမြို့နယ်၊ န၀ဒေးရပ်ကွက်၊ မြေကွက်အမှတ်-ပစ(B)၂၃၂၊ ပေ(၆၀ x ၈၀)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧက ကျယ်ဝန်းသော မြေကွက်နှင့်စပ်လျဉ်း၍ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ ရန်ကုန်မြို့၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၈၂၁/၂၀၂၂ဖြင့် ၂၈-၆-၂၀၂၂ ရက်တွင် ဒေါ်မိုးမိုးအောင် (ဘ) ဦးဝင်းမောင် ၇/ရတရ(နိုင်)၀၇၇၇၈၈ သို့ လွှဲအပ်ခဲ့သည့် အထူးကိုယ်စားလှယ်လွှဲစာအား ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန်နှင့် ဒေါ်မိုးမိုးအောင် သိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဗိုလ်ကြီးအောင်ဇော်မိုး	**ဒေါ်ဝင့်ဝင့်ရှိန်(LL.B)၊ တရားလွှတ်တော်ရှေ့နေ**
၁၂/ဥကတ(နိုင်)၀၀၄၃၃၉	**(စဉ်- ၁၈၁၁၃)**
	အမှတ်-၅၃၊(၂)လမ်း၊ မြို့သစ်ရပ်ကွက်၊အေလာမြို့၊
	လယ်ဝေးမြို့နယ်။ ဖုန်း-၀၉-၉၆၈၄၂၂၁၁၃

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 4N/2519 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၉/ပဥလ(နိုင်) ၀၅၂၃၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၈ဃ/၇၇၇၁၅ Honda Scoopy 110cc ယာဉ်လက်ဝယ်ရှိသူShwe Aung Myaing Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/98844 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဝင်း ၅/မမတ(နိုင်)၀၅၀၆၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၁၈၅၄၀ CQ-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးသူဇာ ၉/ပမန(နိုင်)၁၃၀၅၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ နေပြည်တော်ရုံး

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 76W/94948 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းဆက်လွင် ၁၄/ဟသတ(နိုင်)၃၂၃၅၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ဟသ်ာတ)

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ် (ဒ-၃၂၀၁၄)၊ ဧရိယာ ဝ ဒသမ ၁၄၆ ဧကရှိ ဒေါ်နန်းရီရီခိုင် (ဘ) ဦးစိုင်းစိန် ၁၃/မကန(နိုင်)၀၃၉၄၂၃ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်မေချင် (ဘ) ဦးဖာမြီ ၁၃/ဟပတ(နိုင်)၀၂၄၆၁၀ မှ မြေပေးမိန့်မူရင်း၊ မြေကွက် အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မှုရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်း ထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ် (ဒ-၃၂၀၁၃)၊ ဧရိယာ ဝ ဒသမ ၁၄၆ ဧကရှိ ဒေါ်အေးဆေး(ဘ) ဦးလုံးရွှေပေါင်း ၁၃/မကန(နိုင်)၀၁၇၉၉၅ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်မေချင် (ဘ) ဦးဖာမြီ ၁၃/ဟပတ(နိုင်)၀၂၄၆၁၀ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

မြန်အောင်မြို့နယ်နေ ကျွန်တော် မောင်ချစ်ထွေး ၁၄/ကခန(နိုင်) ၀၇၃၆၃၉ ၏ ပတ်စ်ပို့နံပါတ် (ME-626850) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၄၂၂၁၄၃၄

ပျောက်ဆုံးကြောင်း

မြန်အောင်မြို့နယ်နေ ကျွန်တော် မောင်ကျော်မင်းသူ ၁၄/မအန(နိုင်) ၂၆၀၂၃၄ ၏ ပတ်စ်ပို့နံပါတ် (ME-342165) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၉၅၈၂၉၃

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ အထက (အလယ်ကုန်း) Grade-7 မှ မနန်းယုဝေ နှင့် Grade-4 မှ မောင်ခန့်စည်သူ တို့၏ ဖခင်အမည်မှန်မှာ ဦးလှမိုး ဖြစ်ပါကြောင်း။

ဦးလှမိုး

ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၈၊ ၂၀၂၃ ရက် ၂၆-၁၀-၂၀၂၃ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၉တွင်ပါသော 73W/70175 အစား 73W/79175 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ လူနေရပ်ကွက်(ဒက္ခိဏသီရိရပ်ကွက်)၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေ ဧရိယာ ဝ ဒသမ ၁၄၆ဧကရှိ ပေ (၈၀x၈၀)၊ မြေကွက်အမှတ် (ဒ-၃၀၉၃၅) ၏ မြေပေးမိန့်မူရင်း ပျောက်ဆုံးသဖြင့် မြေကွက်အမည်ပေါက်သူ ဦးတင်ဌေး(ဘ) ဦးသန်းမောင် ၈/ရစက (နိုင်)၁၂၁၇၄၁မှ မိတ္တူမှန် လျှောက်ထားလာခြင်းအား ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိ၍ မြေပေးမိန့်မိတ္တူမှန်အား ထုတ်ပေးမည်ဖြစ်သဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏၂၇-၁-၂၀၂၀ရက်စွဲပါ စာအမှတ် ၇၂၇/၁၈-၄/ နပတ(မြို့/မြေ)ဖြင့် ထုတ်ပေးခဲ့သည့် ဦးတင်ဌေးအမည်ပေါက် မြေပေးမိန့်(မူရင်း)ကို ဤဌာနအနေဖြင့် ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

TTAS Co.,Ltd မှ Export Declaration Form များ
ED No.200087135740
200098500931
200047845551(Allowment Shipment , Custom Note Sheet) များနှင့်သက်ဆိုင်သော ပူးတွဲပါစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။ **ဖုန်း-၀၅-၅၄၀၇၄၀၊ ၀၉-၇၇၁၁၇၆၁၆၉**

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ Galaxy Tower at Star City Zone (C) တည်ရှိရာ Galaxy Tower 4 မှ Unit (4), 14th Floor၊ အခန်းအမှတ် (1404)၊ အကျယ်အဝန်း(၇၅၅) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ရေမီးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သည့် ဒေါ်ခင်မြတ်ကြူ ၇/ဒဥန(နိုင်) ၀၃၂၂၀၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြညွှန့် B.A (Law), LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၀)
အမှတ်-၁၇/၂၁၊ မြေညီ၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၃၀၆၀၂၁၆

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိတကသန်းမြင့်ဦး(ကိုယ်ပိုင်အမှတ်၇၀၈၉၅)၊ ၉/ပမန(နိုင်) ၁၈၇၁၈၅(ဘ)ဦးသန်းအောင် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င) ၂၁၃၄ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်နုနုလှိုင် ၉/ပမန (နိုင်)၁၇၂၃၂၂ (ဘ) ဦးချစ်မြ မှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တကသန်းမြင့်ဦး သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့် အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်ရှိ ဦးချို့အေး ၉/ကဆန(နိုင်)၀၂၇၉၀၄ (ဘ) ဦးဘီနီမာရိုး အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပ-၁၄၄၁ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်အရှုနာဒေဝီ(ခ)မာလာ ၉/ကဆန(နိုင်) ၀၂၇၆၇၁ (ဘ) ဦးအာစီဆင်း မှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဦးချို့အေး သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ မြေဧရိယာဝ ဒသမ ဝ၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၂၃၇၂) ကိုအမည်ပေါက် ဦးဝင်းလှဦး (ဘ) ဦးတင်စိုး ၁၂/မဂဒ(နိုင်)၁၀၅၉၁၃ ၏အထူး ကိုယ်စားလှယ်ဖြစ်သူ ဒေါ်ဇာခြည်ဝင်း (ဘ) ဦးဒိုင်ကပ်မန်း ၉/မကန(နိုင်)၁၀၂၉၉၁ မှ ဦးညီနန္ဒလင်း (ဘ) ဦးခင်မောင်လင်း ၁၃/လရန(နိုင်)၂၇၀၁၈၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၇၇/၂၀၂၃ (၁၇-၂-၂၀၂၃) တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက် အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ပွေးကောက်ကျေးရွာ၊ ကွင်းအမှတ်(၆၈၃/၇၅၁)၊ ဦးပိုင်အမှတ်(၁၄/၂)၊ မြေကွက်မှ ခွဲထွက်၍ မြေကွက်အမှတ်(C-5) အလျား(၄၀)ပေ၊ အနံ ၆၀ ပေအကျယ်အဝန်းရှိ မြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ဒေါ်သဇင်ဝင်း၊ ၁၃/တကန(နိုင်)၂၅၁၃၁၈ထံမှ ဒေါ်အေးမူသိန်း ၇/သနပ(နိုင်)၀၆၆၂၀၅ သည် နှစ်ဦးသဘောတူကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အထက်အမည်ပါ ဒေါ်အေးမူသိန်း လက်ရောက်ပိုင်ဆိုင်ခဲ့သော အဆိုပါမြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းဆာထွန်း ၁၃/နမတ(နိုင်)၀၁၅၂၉၃မှ ၃၀-၁၂-၂၀၂၂ ရက်တွင် နှစ်ဦးသဘောတူကတိစာချုပ်ဖြင့် ထပ်မံဝယ်ယူခဲ့ပြီး ဆက်စပ်စာချုပ်များဖြင့် ယခုအချိန်ထိ လက်ရောက်ပိုင်ဆိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်ကို လက်ရောက်ပိုင်ဆိုင်ထားသူ ဦးစိုင်းဆာထွန်း၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်းတို့ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် အဆိုပါမြေကွက်ပေါ်တွင် ဝင်ရောက်ကျူးကျော်ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်မည်ဆိုပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နေခြည်ဦး(LL.B) အထက်တန်းရှေ့နေ (စဉ်-၄၂၃၆၆)
(ဖ-၈)၊ သဇင်လမ်း၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၇၉၈၈၇၅၃၆၇

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/ဒက္ခိဏသီရိအနောက်ရပ်)၊ ပေ(၈၀x၈၀)၊ မြေကွက်အမှတ်(ဒ-၃၂၈၇၄)ရှိ ဦးဆင့်ညီညီထွန်း(ဘ)ဦးထွန်းသိန်း ၁၂/ဒဂတ(နိုင်)၀၄၃၄၉၆ အမည်ပေါက် မြေကွက်အား ဦးဆင့်ညီညီထွန်းထံမှ နေပြည်တော်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၃၁၇/၂၀၁၁)၊ (၂၅-၁-၂၀၁၁)ရရှိထားသူ ဒေါ်မေပြည့်စုံဝင်း(ဘ) ဦးဥာဏ်ဝင်း ၁၂/မရက (နိုင်)၁၄၃၀၅၆မှ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်(မူရင်း) တင်ပြ၍ မြေပေးမိန့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်မေပြည့်စုံဝင်း (ဘ) ဦးဥာဏ်ဝင်း ၁၂/မရက(နိုင်)၁၄၃၀၅၆အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ လိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနနေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၄၅၀၄)၊ ဧရိယာ ဝ ဒသမ ၀၅၅ဧကရှိ ဒေါ်သော်တာစိုး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၃၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးရွှေ ၈/ခမန(နိုင်)၀၂၂၀၉၃မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးအောင်စိုးမင်း၊၁၃/ကခန(နိုင်)၀၀၀၃၇၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနနေပြည်တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/78661 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုကြည် ၉/တကန(နိုင်)၁၆၄၈၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရမည်းသင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/45450 Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နေလင်း ၈/မမန(နိုင်) ၁၄၈၈၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မြေဧရိယာ ဝ ဒသမ ၁၄၆ ရှိ မြေကွက်အမှတ် (ပ-၁၁၈၂) ကို အမည်ပေါက် ဦးထွန်းမြတ် (ဘ) ဦးနူရ်မာမက် ၉/မထလ(နိုင်)၀၅၃၄၅၉ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဦးမျိုးမြင့်လွင် (ဘ) ဦးမြင့်ဆွေ ၉/ပမန(နိုင်) ၁၃၆၆၀၅ မှ ဒေါ်အေးမို့မို့ဝင်း (ဘ) ဦးဝင်းတင် ၁၂/အစန(နိုင်)၂၀၉၄၃၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ မိတ္ထီလာမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၀၆၄/၂၀၂၃ (၂၃-၃-၂၀၂၃)တင်ပြ၍လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်းနောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက် သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ကွင်းအမှတ်(၁၈)၊ ဦးပိုင်အမှတ် (၂၈၂)၊ မြေချိန်ဧရိယာ ဝ ဒသမ ၂၂၀ ဧကရှိ မြေကွက်သည် မူလက ဒေါ်သက်သက်ဦး အမည်ဖြင့် ခရိုင်အမှုတွဲအမှတ်၊ ၁၀၅(၃)၂၀၀၉-၂၀၁၀ အရ ၂၄-၄-၂၀၁၉ ရက်ထိ (၁၀)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန် အမည်ပေါက်သူ ဒေါ်သက်သက်ဦး (၎င်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအားဆိုက်)က ၁၆-၈-၂၀၂၃ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၂၉/၂၀၂၃) အရ ဒေါ်မိတ်ရင်း ၁၃/နဆန(နိုင်)၀၂၃၉၅၅ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်မိတ်ရင်း အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားလာမှုအပေါ်ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်နေ့အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၂ခ)၊ ဦးပိုင်အမှတ်(၅၆/က)၊ မြေချိန်ဧရိယာ ဝ ဒသမ ၀၉၂ ဧကရှိ မြေကွက်သည် မူလက ဒေါ်ဒါရှီခါးမိုင်၊ ဒေါ်ဘောက်လု(၂)ဦးအမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၅၃၂/V၂၀၂၂-၂၀၂၃အရ(၁၈-၁၀-၂၀၄၆) ရက်နေ့ထိ မူလသက်တမ်းအတိုင်း (၃၀)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဒေါ်ဒါရှီခါးမိုင်ပါ(၂)ဦးက(၅-၁၀-၂၀၂၃) ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၄၆၀/၂၀၂၃) အရ ဒေါ်ဂျာဆိုင်း ၁/မကတ(နိုင်)၁၂၂၃၅၈ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ဂျာဆိုင်းအမည်ဖြင့်မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်ပြည့် မြောက်သည့်ရက်နေ့အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေလင်းဦး ၇/ပခန(နိုင်)၂၅၃၆၃၈ သည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကြည်တော်ကုန်း (ခ) ရပ်ကွက်/မြို့တွင်း၊ မြေကွက်အမှတ်(၂၆၁) ဟုခေါ်တွင်သော အကျယ်အဝန်း(၃၀x၃၇)ပေရှိ အိမ်ဝိုင်း ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ဝင်းရီ(၇/ပခန(နိုင်) ၁၃၄၆၄၁) ထံမှ အမွေဆက်ခံပိုင်ဆိုင်ခဲ့သည်ဟု ဝန်ခံကတိပြု ပြောဆိုသော ဒေါ်ခင်ဝင်းသွယ် ၇/ပခန(နိုင်)၁၃၄၃၁၈၊ ဒေါ်ခင်ဝင်းမော် ၇/ပခန(နိုင်) ၁၄၄၈၁၄ နှင့် ဒေါ်ခင်ဝင်းသော် ၇/ပခန(နိုင်)၀၄၃၂၆၀ တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သတ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျ ခိုင်လုံသော ပိုင်ဆိုင်မှုစာမှတ်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဦးနေလင်းဦး
၇/ပခန(နိုင်)၂၅၃၆၃၈

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာသိမ့်(LL.B)
အထက်တန်းရှေ့နေ(စဉ်- ၅၄၄၅၉)
အမှတ်(၅၂၈၉)၊
တပင်ရွှေထီးရပ်ကွက်၊
ပုဗ္ဗသီရိမြို့၊ နေပြည်တော်။
ဖုန်း-၀၉-၂၅၄၀၈၂၆၅၄

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလှမြင့်
မြို့နယ်ပညာရေးမှူး(ငြိမ်း)၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
အသက်(၈၈)နှစ်

ဦးဘတင်-ဒေါ်နှင်းရင်တို့၏သား၊ ဦးဘရှင်-ဒေါ်သိန်းညွန့်တို့၏သားသမက်၊ ဒေါ်မာလာမြင့်၊ ဦးမြင့်သူရ-ဒေါ်တင်မာလာသိန်း၊ ဦးမြင့်ဝဏ္ဏ၊ ဦးမြင့်ဇေယျ-ဒေါ်နွယ်နွယ်ဝင်း၊ (ဦးသန့်ဇင်)-ဒေါ်စန္ဒာမြင့်၊ ဦးမြင့်သီဟ-ဒေါ်သီတာငြိမ်းချမ်းတို့၏ချစ်လှစွာသောမွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုး၊ ဒေါ်စန်းစန်းရှင်၏ချစ်လှစွာသောခင်ပွန်း ဦးလှမြင့် အသက်(၈၈)နှစ်သည် ၁၅-၁၂-၂၀၂၃ရက်(သောကြာနေ့)မွန်းလွဲ ၂ နာရီတွင် ၉၆ ပါးသောရောဂါဖြင့်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်ကို ၁၇-၁၂-၂၀၂၃ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အိမ်အမှတ်(၀၅၂)၊ မဟာဗောဂလမ်း၊ ပြည်ထောင်စုရပ်ကွက်၊ ပဲခူးမြို့နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ကောင်းမွန်စွာ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၂-၂၀၂၃ရက်(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးအောင်မြတ်ကျော်
ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) တိုင်းရင်းဆေးပညာဦးစီးဌာန
အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဗိုလ်ဂါမဏိလမ်း၊ အမှတ်(၁၂၂၁)နေ (ဦးစိုးရင်-ဒေါ်မမလေး)တို့၏သား၊ (ဦးမောင်ကြီး-ဒေါ်စွမ်းသီ)တို့၏ သားသမက်၊ ဒေါ်ရည်ရည်မွန်၊ ကိုရဲလင်းအောင်-မယင်းမာဦးတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေးနှစ်ယောက်တို့၏ အဘိုး၊ (ဒေါ်ခင်သန်းရွှေ)၏ ချစ်လှစွာသောခင်ပွန်း ဦးအောင်မြတ်ကျော် အသက်(၆၇)နှစ်သည် ၁၄-၁၂-၂၀၂၃ (ကြာသပတေးနေ့) ည ၉:၃၇ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၆-၁၂-၂၀၂၃(စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ နေအိမ်မှကားများ မွန်းလွဲ ၃:၃၀ နာရီတွင် ထွက်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်များအား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ ဆက်ကပ်လှူဒါန်းပြီး အမျှအတန်းပေးလိုပါသဖြင့် ၂၀-၁၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမျိုးကျော်ကျော်ဦး(ခ) ဦးကျော်ကြီး
အသက် (၅၁)နှစ်

ပုသိမ်မြို့၊ ကွမ်းခြံရပ်နေ (ဦးမျိုးဝေ)-ဒေါ်အုန်းကြည်(ခ) ဒေါ်အေးအေးလွင်တို့၏သား၊ (ဦးသိန်းလွင်)-ဒေါ်မာစေတို့၏ သားသမက်၊ ဒေါ်နွေဦးခိုင်၏ ခင်ပွန်း၊ မောင်သက်အောင်ဇင် (Henry Oo)၊ မောင်ဘုန်းမြတ်ဟိန်း(Brian Oo)တို့၏မွေးသဖခင်၊ ဦးမျိုးကျော်ကျော်ဦး (ခ)ဦးကျော်ကြီးသည် (၁၃-၁၂-၂၀၂၃)ရက် ဒေသစံတော်ချိန် နံနက် (၁၁:၀၉)နာရီတွင် Advocate Condell Medical Center (U.S.A)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးရဲဝင်း + Dr. ဝင်းသီတာလွင် မိသားစု

ဒေါက်တာစောအေးအေးခိုင်
လ/ထ ကထိက၊ ရူပဗေဒဌာန
အသက်(၅၁)နှစ်

မြင်းခြံမြို့၊ အမှတ် ၉/၄၀၁နေ ဒေါ်မြင့်မြင့်စိန်(ကုန်စိမ်းပွဲရုံ)၏ သမီးငယ်၊ ဦးစောရန်နိုင်-ဒေါ်ပြုံးပြုံးကြည်၊ ဦးစောရန်အောင်-ဒေါ်မေခိုင်စိုး၊ ဒေါ်စောမြင့်မြင့်မော်တို့၏ ညီမ၊ ဒေါက်တာစောအေးအေးခိုင်သည် ၁၄-၁၂-၂၀၂၃ရက်တွင် မြင်းခြံမြို့နေအိမ်၌(၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၂၃ရက် ညနေ ၄နာရီတွင် ဆူဖြူကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်နေ ဒေါ်ဦးမျှတင်က စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်၊ အကွက်အမှတ်(၄)၊ နာဇီတောင်အကွက်၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၁.၅၁၁)ဧက အနက်မှ ဧရိယာ (၀.၀၈၇)ဧကရှိဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်ခဲ့သူ ဒေါ်မြလှပုံမှာ ကွယ်လွန်သွားပြီးဖြစ်၍ မြေးဖြစ်သူ ဒေါ်မလှယဉ်ထံမှ ဒေါ်ဦးမျှတင်က စစ်တွေမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၁၅၅/၂၀၂၃အရ အိမ်ရာမြေကွက် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားရှိပြီး ၎င်းအမည်ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောသက်သေအထောက်အထားများဖြင့် စစ်တွေမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်ဦးစီးဌာနမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန
စစ်တွေမြို့

တစ်ဦးတည်းဖြစ်ကြောင်း

ဟိုပုံးမြို့နယ်၊ အမက (၄) ကျောင်းမှ လ/ထ မူပြ ဒေါ်နန်းမျိုးစံ ၁၃/ဟပန(နိုင်)၀၇၅၀၉၇၏ဖခင် ဦးထွက်လှူ(ခ) ဦးစိုင်းလှူသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ကြောင်း

ဟိုပုံးမြို့နယ်၊ အမက (၄) ကျောင်းမှ လ/ထ မူပြ ဦးခွန်သမုတ် ၁၃/ဟပန(နိုင်)၀၈၀၁၈၈၏ဖခင် ဦးထွက်ထွန်း (ခ)ဦးထွန်းမောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ကြောင်း

ဟိုပုံးမြို့နယ်၊ အမက (၄) ကျောင်းမှ ဒု-မူပြ ဒေါ်ဖြိုးဖြိုးငယ် ၁၃/ဟပန(နိုင်)၀၆၄၈၆၈၏ဖခင် ဦးစိုင်းထွန်းစိန် (ခ)ဦးထွန်းစိန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလှမြင့်
မြို့နယ်ပညာရေးမှူး(ငြိမ်း)၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
အသက်(၈၈)နှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ-ဒေါ်တင်မာလာသိန်းတို့၏ ဖခင်ကြီး ဦးလှမြင့် (မြို့နယ်ပညာရေးမှူး-ငြိမ်း)သည် ၁၅-၁၂-၂၀၂၃ရက်၊ မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဝန်ထမ်းများ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလှမြင့်
မြို့နယ်ပညာရေးမှူး(ငြိမ်း)၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
အသက်(၈၈)နှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ-ဒေါ်တင်မာလာသိန်းတို့၏ ဖခင်ကြီး ဦးလှမြင့် (မြို့နယ်ပညာရေးမှူး-ငြိမ်း)သည် ၁၅-၁၂-၂၀၂၃ရက်၊ မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းလွင်နှင့်ဇနီး ဒေါ်မိမိမျိုးမြတ်မိသားစု
ဒုတိယညွှန်ကြားရေးမှူးချုပ်
ကုန်သွယ်ရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလှမြင့်
မြို့နယ်ပညာရေးမှူး(ငြိမ်း)၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
အသက်(၈၈)နှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ-ဒေါ်တင်မာလာသိန်းတို့၏ ဖခင်ကြီး ဦးလှမြင့် (မြို့နယ်ပညာရေးမှူး- ငြိမ်း)သည် ၁၅-၁၂-၂၀၂၃ရက်၊ မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသိန်းထွန်းဦး နှင့်ဇနီး ဒေါ်နီလာသန့်မိသားစု
ဒုတိယညွှန်ကြားရေးမှူးချုပ်
ကုန်သွယ်ရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလှမြင့်
မြို့နယ်ပညာရေးမှူး(ငြိမ်း)၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
အသက်(၈၈)နှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ-ဒေါ်တင်မာလာသိန်းတို့၏ ဖခင်ကြီး ဦးလှမြင့် (မြို့နယ်ပညာရေးမှူး-ငြိမ်း)သည် ၁၅-၁၂-၂၀၂၃ရက်၊ မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်ဇော်မိုး နှင့်ဇနီး ဒေါ်နုနုအောင်မိသားစု
ညွှန်ကြားရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလှမြင့်
မြို့နယ်ပညာရေးမှူး(ငြိမ်း)၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
အသက်(၈၈)နှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ-ဒေါ်တင်မာလာသိန်းတို့၏ ဖခင်ကြီး ဦးလှမြင့် (မြို့နယ်ပညာရေးမှူး-ငြိမ်း)သည် ၁၅-၁၂-၂၀၂၃ရက်၊ မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အရာထမ်း၊ အမှုထမ်းများ
ကုန်သွယ်ရေးဦးစီးဌာန

ဦးသာအေး
မြို့နယ်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ပိတောက်မြိုင်ရိပ်သာ၊ အခန်း(2/F)နေ ဒုရဲမှူးကြီး ဝင်းမြင့်ဇော် - ဒေါက်တာ အေးနွယ်သိုင်း၊ ဦးရဲမြင့်ဟိန်း-ဒေါက်တာအေးမြသန္တာ၊ ဗိုလ်မှူးအောင်နိုင်ဌေး- ဒေါ်အေးမြသူဇာ တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်သုခစိုး၊ မောင်အောင်မိုးမြင့်၊ မောင်ဉာဏ်လင်းဖြိုး၊ မောင်သုဉာဏ်လင်းတို့၏ ဘိုးဘိုး၊ (ဒေါ်ဦးမြရီ) ၏ခင်ပွန်း ဦးသာအေး သည် ၁၅-၁၂-၂၀၂၃ ရက် (သောကြာနေ့) ညနေ ၅:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၂၃ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေ သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလှမြင့်
မြို့နယ်ပညာရေးမှူး(ငြိမ်း)၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
အသက်(၈၈)နှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ-ဒေါ်တင်မာလာသိန်းတို့၏ ဖခင်ကြီး ဦးလှမြင့် (မြို့နယ်ပညာရေးမှူး-ငြိမ်း)သည် ၁၅-၁၂-၂၀၂၃ရက်၊ မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလှမြင့်
မြို့နယ်ပညာရေးမှူး(ငြိမ်း)၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
အသက်(၈၈)နှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ-ဒေါ်တင်မာလာသိန်းတို့၏ ဖခင်ကြီး ဦးလှမြင့် (မြို့နယ်ပညာရေးမှူး- ငြိမ်း)သည် ၁၅-၁၂-၂၀၂၃ရက်၊ မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ခေတ္တ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးလွင်ဦး
General Manager (Constructive Engineers Ltd)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ မြဝတ်ရည်လမ်းသွယ်(၁)၊ ခြံအမှတ်(၁)နေ (ဒေါ်မြသွင်)၏ ကိတ္တိမသား၊ (ဦးသာဒင်-ဒေါ်မြင့်ကြည်)တို့၏ သားကြီး၊ (ဒေါ်အေးကြိုင်-ဦးတင်ဆင့်)၊ (ဦးမောင်မောင်အောင်)တို့၏ တူသား၊ (ဒေါ်မြမြလွင်) စက်မှု(၁)၏ ခင်ပွန်း၊ ဒေါ်မေချစ်ပို၊ (ဦးသက်ပိုင်)တို့၏ အစ်ကို၊ Dr.မေဖြူဇင် - Dr.တင့်ခိုင်၊ ဒေါ်ရဝေမွန်တို့၏ ဖခင်၊ မောင်ဉာဏ်ဟိန်းဆက်၊ မောင်ပြည့်ပိုင်မင်းတို့၏ ဘိုးဘိုးသည်၁၄-၁၂-၂၀၂၃ ရက် မွန်းလွဲ ၄:၂၁ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို၁၆-၁၂-၂၀၂၃ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အခန်းအမှတ် (၆၀၄) (ဘီ) River View Point Condo၊ သစ်တောလမ်းနှင့် ကမ်းနားလမ်းထောင့်၊ အလုံမြို့နယ်၊ နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၂၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ဘုရားအမှူး ရှိသော သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထု အစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း ရေစက်သွန်းချ အမျှပေးဝေမည် ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်နိုင်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးအောင်မြတ်ကျော်
ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ တိုင်းရင်းဆေးပညာဦးစီးဌာန
အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဗိုလ်ဂါမဏိလမ်း၊ အမှတ်(၁၂၂၁) နေ ဦးအောင်မြတ်ကျော်သည် ၁၄-၁၂-၂၀၂၃(ကြာသပတေးနေ့) ည ၉:၃၇ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဦးခင်မောင်ဝင်း
ရွှေမန်းတောင်တိုင်းရင်းဆေးမိသားစု(ရန်ကုန်မြို့)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်- ၁၅ D မူယာပင်မြင်းပြိုင်၊ ဦးပိုင်အမှတ်-၆၆ ဈ၊ မြို့မြေအမျိုးအစား၊ ပိုင်ဆိုင်ခွင့်(L)၊ ဧရိယာ(၀.၀၇၉)ဧကရှိသောမြေကွက်၊ ဦးပိုင်အမှတ်-၇၂ ဠ၊ မြို့မြေအမျိုးအစား၊ ပိုင်ဆိုင်ခွင့်(L)၊ ဧရိယာ(၀.၀၁၈)ဧကရှိသော မြေကွက်၊ ဦးပိုင်အမှတ်-၇၃ ဘ၊ မြို့မြေအမျိုးအစား၊ ပိုင်ဆိုင်ခွင့်(L)၊ ဧရိယာ(၀.၀၄)ဧကရှိသော မြေကွက်၊ စုစုပေါင်းဧရိယာ(၀.၁၀၁)ဧကရှိသော ဂရန်မြေအကျိုးခံစားခွင့်ရရှိထားသည့် မြေကွက်များနှင့် ယင်းမြေကွက်များပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်တင်တင်မြင့် ၇/ပမန(နိုင်)၀၀၈၀၄၁ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်စိုး ၅/ကဘလ(နိုင်)၁၃၃၁၇၀-ဒေါ်ဥမ္မာသင်း ၅/ကဘလ(နိုင်)၁၅၄၁၃၆တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကျော်စိုး-ဒေါ်ဥမ္မာသင်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မြင့်သူဇာဦး (LL.B.) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၉၂)
အမှတ်-၄၁၀(က)၊ တီကျစ်ဆိုလမ်း၊ ဆင်စုရပ်ကွက်၊ ပြည်မြို့
ဖုန်း-၀၉-၄၃၁၀ ၄၂၄၈

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

❖ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း…

❖ မြေအသုံးချမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားရန်လို…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားမှု ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်ရှိနေသည့်ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံအားပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်သည့်အဝတ်အထည်များ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများကိုယ်စား တာဝန်ရှိသူကို ပေးအပ်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ ညနေပိုင်းတွင် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်သို့ ရောက်ရှိကြပြီး မန်ဆူရှမ်းကျောင်းတိုက်

စာမျက်နှာ ၈ ကော်လံ ၁ ❋

ယနေ့ သတင်းအညွှန်း

ဆီသယ်ယာဉ်များအတွက် လူကိုယ်တိုင် မျှော်ထုတ်ယူရသည့်စနစ်မှ Online ဖြင့် မျှော်ထုတ်ယူနိုင်သည့်အဆင့်သို့ အသုံးပြုသွားနိုင်ရေးဆောင်ရွက် ပြည်တွင်းသတင်း စာ ၂

…………………

သမ္မတတစ်ဦးရဲ့ဂုဏ်သိက္ခာ နိုင်ငံတစ်နိုင်ငံရဲ့ ကျင့်ဝတ်စံနှုန်းနဲ့အညီ ညီညွတ်မျှတပါစေ တီမောလက်စ်တေ ဆောင်းပါး စာ ၁၆

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းရထားခရီးစဉ်များ ဒီဇင်ဘာ ၁၅ ရက်နေ့မှစတင်၍ ပုံမှန်ပြန်လည်ပြေးဆွဲပြီ

နေပြည်တော် ဒီဇင်ဘာ ၁၅

KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းခွဲဖျက်ဆီးထားခြင်းကြောင့် ရထားသံလမ်းပြတ်တောက် ပျက်စီးသဖြင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ကျောက်တံခါးနှင့် ပိန်းဇလုပ်အကြား ရထားစက်ခေါင်းနှင့်အတူ လူစီးတွဲ သုံးတွဲလမ်းချော်ကျမှုဖြစ်ပွားခဲ့ပြီး ရထားလမ်းပိုင်းအား ဒီဇင်ဘာ ၁၃ ရက် နံနက် ၄ နာရီတွင် ခေတ္တပိတ်ထားခဲ့ရသည်။ *စာမျက်နှာ ၁၁ ကော်လံ ၄* ❑